မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ရက်၊ ၂၀၁၀ ခုနှစ်၊ ဇူလိုင် ၂၁ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၅၉)၊ အမှတ်(၂၈၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ကယားပြည်နယ် ခရိုင်၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များနှင့်တွေ့ဆုံ

အမှာစကားပြောကြား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး ကယားပြည်နယ် ခရိုင်၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ကယားပြည်နယ် ခရိုင်၊ မြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဇူလိုင် ၁၇ရက် မွန်းလွဲပိုင်းတွင် လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကိုလည်းကောင်း၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီက ကယားပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေတို့ကို လည်းကောင်း၊ ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ် ကော်မရှင်အဖွဲ့ခွဲများက

စာမျက်နှာ ၁၁ ကော်လံ ၆ ❐

နိုင်ငံနှင့် ပြည်သူ၏ အနာဂတ်အကျိုးစီးပွားအတွက်

ဖြည့်ဆည်းမြှင့်တင် ကြိုးပမ်းပေးနေသည့် လေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေး

➢ သတင်းဆောင်းပါး - ကိုသစ္စာ ➢ ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း ➢ စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင် (မြန်မာ့အလင်း)

နေပြည်တော် ဇူလိုင် ၂၀

နေ့စဉ်ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို ဖတ်ရှုပြီး ကျွန်တော် အတွေးနယ်ချဲ့နေမိသည်။ နိုင်ငံရေးပါတီများ မှတ်ပုံတင်မှုနှင့် ထူထောင်ခွင့်ပြုမှုသတင်းများကို သတင်းစာများ၌ အကျယ်တဝင့် ဖော်ပြပေးနေသည်ကို တွေ့ရသည်။ မြန်မာနိုင်ငံ၌ ခေတ်စနစ်သစ်တစ်ခု ကူးပြောင်းတော့မည်။ ခေတ်တစ်ခေတ်၊ စနစ်တစ်ရပ်ပြောင်းတိုင်း နိုင်ငံ၏ အသွင်အပြင်ပုံရိပ်များက ပြောင်းလဲစမြဲပင်ဖြစ်သည်။

ကျွန်တော် ၁၉၈၈ခုနှစ်က နိုင်ငံ့အခြေအနေကို ကောင်းစွာသိရှိခဲ့သည်။ ထိုစဉ်က ကျွန်တော်သည် အသက် ၂၀ ဝန်းကျင်ဖြစ်၍ အတိုင်းအတာတစ်ခုအထိ နိုင်ငံ့အနေအထားကို သိရှိခဲ့၊ မှတ်မိခဲ့သည်။ သတင်းစာဖတ်ပြီး အတွေးများ မပြတ်နိုင်အောင်ဖြစ်နေစဉ် ကျွန်တော်နှင့် ဆွေးနွေးဖက်ဖြစ်နေသော ဦးလေးလှ ရောက်ရှိလာသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

နိုင်ငံတကာလေယာဉ်ကြီးများ ဆင်းနိုင်တက်နိုင်သည်အထိ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ကို သပ်ရပ်ခံ့ညားထည်ဝါစွာ ဤသို့ တည်ဆောက်ထားသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် ဇူလိုင် ၂၁ ရက်)

သားစဉ်မြေးဆက် လူမှုစီးပွားဘဝ ဖွံ့ဖြိုးစေမည့် ပြည်ထောင်စုတစ်ဝန်းမှ ရထားလမ်းများ

"တောင်တွေ့လျှင် လမ်းဖောက် မြစ်တွေ့လျှင် တံတားဆောက်"ဆိုစကားကို နိုင်ငံတော်အစိုးရလက်ထက်၌ ပီပီပြင်ပြင် အကောင်အထည်ဖော်ခဲ့ရာ ယနေ့အခါ ကားလမ်းမကြီးများ၊ တံတားကြီးငယ်များ၊ ရထားလမ်းများကို နိုင်ငံတစ်ဝန်းမြင်တွေ့နေရပြီး အကျိုးရှိစွာ အသုံးချနိုင်နေပြီဖြစ်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသည် ရထားလမ်းများ ပိုမိုတိုးတက်ကောင်းမွန်အောင်ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ရန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာရန် ရထားလမ်းသစ်များ တိုးချဲ့ဖောက်လုပ်ခြင်း၊ လူစီးတွဲနှင့်ကုန်တွဲများကို ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ခြင်းစသည့် ရုပ်ပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်ရေးသာမက ခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက်ပါ ဆောင်ရွက်ပေးလျက်ရှိသည်။

အစိုးရရုံးစိုက်ရာ နေပြည်တော်ကိုဗဟိုပြု၍ ပြည်နယ်နှင့်တိုင်းများသို့ ဆက်သွယ်သွားလာနိုင်ရန် နေပြည်တော်-ပုဂံ၊ နေပြည်တော်-ပြည်၊ နေပြည်တော်-မန္တလေး၊ နေပြည်တော်-ရွှေညောင်၊ နေပြည်တော်-လှိုင်ကော်၊ နေပြည်တော်-ချောက်နှင့် နေပြည်တော်-ရန်ကုန်သို့ ရထားလမ်းများ တိုးချဲ့ဖောက်လုပ်ပေးခဲ့သည်။

ယခုအခါ ရေခြားမြေခြားဖြစ်သည့် မကွေးတိုင်း၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့ကို ဆက်သွယ်ပေးမည့် မင်းဘူး-အမ်း-စစ်တွေရထားလမ်းဖောက်လုပ်ရေးစီမံကိန်းကို ဖော်ဆောင်ဖောက်လုပ်လျက်ရှိသည်။ ယင်းစီမံကိန်းကြီးတွင် ပါဝင်သော လမ်းမိုင် ၂၅၇ မိုင်အနက် ပြည်တော်သာ-စစ်တွေ-ရေချမ်းပြင် ရထားလမ်းမိုင် ၁၂ မိုင်နှင့် ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ်ရထားလမ်းပိုင်း ၂၂ ဒသမ ၇၂ မိုင်ကို အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၏ ဆိပ်ဖြူ-ယောချောင်းရထားလမ်းပိုင်းကို ဖွန်လ ၁၄ရက်နေ့က ဖွင့်လှစ်နိုင်ခဲ့ပြီး ကြံခင်း-ပခုက္ကူ မီးရထားလမ်းသည် ဧရာဝတီမြစ်အနောက်ဘက်ခြမ်း ဒေသခံပြည်သူများ ဆက်သွယ်မှုလွယ်ကူပြီး အရေးပါသည့်လမ်းကြောင်းဖြစ်သည်။

၁၉၈၈ ခုနှစ်မတိုင်မီက မြန်မာနိုင်ငံ၏ ရထားလမ်းခရီးမိုင်ပေါင်း ၁၉၇၆ မိုင်ရှိခဲ့ရာ ယခုအခါ ရထားလမ်းခရီးမိုင် ၃၄၃၃ မိုင် ရှိလာခဲ့ပြီ ဖြစ်သည်။

နိုင်ငံတော်အစိုးရလက်ထက် ပြည်ထောင်စုတစ်ဝန်း အရှေ့နှင့်အနောက်၊ တောင်နှင့်မြောက် ကူးသန်းသွားလာမှုလွယ်ကူရန် ရထားလမ်းများ၊ ကားလမ်းများ၊ တံတားများ လက်ယှက်ထိုးတည်ဆောက်ဖောက်လုပ်လျက်ရှိရာ တိုင်းရင်းသားပြည်သူများ၏ သားစဉ်မြေးဆက် အသုံးပြုနိုင်ပြီး လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးရေးအတွက် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်သွားကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား

တိုင်းမှူးဗိုလ်ချုပ်လှမင်း တက်ရောက်

နေပြည်တော် ဇူလိုင် ၂၀

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၄ရက် ညနေပိုင်းက တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက်အမှာစကားပြောကြားပြီး ဖွင့်ပွဲ ပွဲစဉ်ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(ကြာသပတေးနေ့-နံနက်+နေ့လယ်+ည)

၂၂-၇-၂၀၁၀

၇:၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇:၀၅	တရားတော် (အာဋ္ဌာနာဋိယသုတ်) ဓမ္မပူဇာတေးပဒေသာ
၇:၃၀	(၃၈)ဖြာမင်္ဂလာ
၇:၃၅	နံနက်ခင်းတေးပဒေသာ
၈:၀၀	စံတော်ချိန် + သတင်း
၈:၁၀	နံနက်ခင်းတေးပဒေသာ
၈:၃၀	လောကနီတိအသိရှိစေဖို့ (ရှိခိုးကန်တော့ခြင်း)
၈:၃၅	တေးပဒေသာ
၁၀:၀၀	မင်္ဂလာလက်ဆောင်
၁၀:၃၀	သတင်းစာအာဘော်
၁၀:၃၅	တေးပဒေသာ
၁၁:၀၀	နေ့လယ်ခင်းသတင်း
၁၁:၁၀	နေ့လယ်ခင်းတေးပဒေသာ
၁၁:၂၅	ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (ဆုဇီ)
၁၁:၄၅	သိပ္ပံပညာသိကောင်းစရာ **အနာဂတ်ကမ္ဘာ့စွမ်းအင်လိုအပ်ချက်ကိုဖြည့်ပေးမယ့် ရေခဲလောင်စာများ**
၁၁:၅၅	တေးသီချင်း
၁၂:၀၀	စံတော်ချိန် ဇာနည်စစ်သည်တေးပန်းချီ
၁၂:၂၀	ယဉ်ကျေးမှုအနုပညာ (ဝါဆို)
၁၂:၃၀	Music Talk တေးပဒေသာ
၁၃:၀၀	မွန်းလွဲပိုင်းသတင်း
၁၃:၁၀	တေးပဒေသာ
၁၃:၃၀	အစီအစဉ်ပြီး၏။
၁၆:၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၁၆:၃၀	အမှတ်တရတေးလက်ဆောင်
၁၇:၁၀	ဘဝတစ်ကွေ့အတွေ့အကြုံ (ချစ်ခြင်းမေတ္တာနှင့်တာဝန်သိမှု) တေးပဒေသာ
၁၇:၂၅	သတင်းစာဆောင်းပါး
၁၇:၃၀	တေးပဒေသာ
၁၈:၀၀	ညနေခင်းသတင်း
၁၈:၁၀	ညနေခင်းတေးပဒေသာ
၁၈:၂၅	ကျေးလက်ဇာတ်လမ်း **ရေထဲကအရိပ်**
၁၈:၄၅	ချိုချစ်ဖွယ် အင်္ဂလိပ်တေးသီချင်း ကဏ္ဍ
၁၉:၀၀	နိုင်ငံတကာသတင်း
၁၉:၀၅	ညချမ်းချိန်ခါ တေးပဒေသာ နိုင်ငံရေးဦးတည်ချက်
၁၉:၃၀	သုတစုံကြွယ်သိစေဖွယ် ဆင်းရဲရာမှ ချမ်းသာရာသို့
၁၉:၄၀	ရေဒီယိုအတိတ်တေးအရိပ်
၂၀:၀၀	ပြည်တွင်းသတင်း
၂၀:၂၀	ချမ်းမြေ့သာယာသီရိဂေဟာ (နှစ်ကိုယ်ကြား)
၂၀:၅၀	သူ့လက်သံ-စန္ဒရားထွန်းညွန့်ရဲ့ စန္ဒရားလက်သံ စီးပွားရေးဦးတည်ချက်
၂၁:၀၀	ဆောင်းပါး (စိတ်ချမ်းသာနည်းများ)
၂၁:၀၅	ခံစားနားဆင် မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားတွင် ငါးသားပေါက်များ စိုက်ထည့်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၀

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၅ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနရုံး မျက်နှာစာ၊ ရုံးပတ်ဝန်းကျင်နှင့်ဆည်များ၌ ကျင်းပရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း၊ ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများက သတ်မှတ်နေရာတို့၌ အထိမ်းအမှတ်ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြသည်။

စိုက်ပျိုး

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ သရက်၊ ပိန္နဲ၊ ပိတောက်၊ ရေတမာ၊ မဟော်ဂနီ၊ အုန်း အစရှိသည့် အရိပ်ရပင်၊ နှစ်ရှည်ပင်နှင့် စားပင်၊ သီးပင်ပေါင်း ၃၁၅၀ကို စိုက်ပျိုးကြသည်။

ငါးမျိုးစိုက်ထည့်

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများသည် ပိတောက်မြောင်တမံ(၃)အနီး၌ ကျင်းပသော အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ ၂၀၁၀ ခုနှစ် ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး ပိတောက်မြောင်တမံ(၃)အတွင်းသို့ ငါးမြစ်ချင်း သားပေါက် ၂၀၀၀၀၊ ငါးခုံးမ သားပေါက် ၂၀၀၀၀နှင့် ငါးကြင်းရွှေဝါ သားပေါက် ၁၆၀၀၀ စုစုပေါင်း ငါးသားပေါက် ကောင်ရေ ၅၆၀၀၀ကို မျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ

တွံတေးမြို့နယ် အရှေ့အရိုးတောင်ကျေးရွာ၌ကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် အရိုးတောင်ကျေးရွာအုပ်စု အရှေ့အရိုးတောင်ကျေးရွာ ရောင်ခြည်သစ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၁၁ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ တွံတေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန့်ဇင်ထွန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးသက်ဦးနှင့် အရိုးတောင် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။(ဝဲပုံ)

ဆက်လက်၍ အခမ်းအနားကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးတို့က စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးဆွေးနွေးပြောကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျေးရွာစာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သုတ ရသစာအုပ်စာစောင် ၁၅၀၊ ကျေးရွာရပ်မိရပ်ဖ ဦးစိန်လှက စာကြည့်တိုက်အတွက် ရေဒီယို တစ်လုံး ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။ စာကြည့်တိုက်မှာ အုတ်ကာ၊ သွပ်မိုး၊ ကွန်ကရစ်ခင်းဖြစ်ပြီး တန်ဖိုး ငွေကျပ်သိန်း ၂၀ အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။

(မြို့နယ် ပြန်/ ဆက်)

သီပေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အပေါ့စားမီးငြှိမ်းသတ်စက်ငယ်နှင့် ရေပိုက်များ၏ ကြံ့ခိုင်မှုကို ဇူလိုင် ၆ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဝင်းရွှေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

အမှာစကား ပြောကြား

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ကရင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၊ ဘားအံခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ကရင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ဘားအံခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကရင်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ၊ ဘားအံခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများ တွေ့ဆုံပွဲအခမ်းအနားကို ဇူလိုင် ၁၃ရက် နံနက် ၈ နာရီက ဘားအံမြို့ရှိ ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဖွဲ့ကပင်ခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကား ပြောကြားသည်။

ဆွေးနွေးတင်ပြ

ဆက်လက်၍ ကရင်ပြည်နယ် ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောအောင်ပွင့်နှင့် ဘားအံခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောသိန်းကြည်တို့က ကော်မရှင်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် တက်ရောက်လာကြသူများက ကော်မရှင်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ပြန်လည်ရှင်းလင်းဆွေးနွေးကာ နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ရုပ်သိမ်း

အလားတူ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကရင်ပြည်နယ် ကော့ကရိတ်ခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင် အဖွဲ့ခွဲများ တွေ့ဆုံပွဲ အခမ်းအနားကို ဇူလိုင် ၁၃ရက် မွန်းလွဲ ၁ နာရီခွဲတွင် ကော့ကရိတ်မြို့နယ်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးက အဖွင့်အမှာစကားပြောကြားပြီး ကော့ကရိတ်ခရိုင် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ၊ မြို့နယ် ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌများနှင့်တက်ရောက်လာကြသူများက ကော်မရှင်လုပ်ငန်းဆိုင်ရာများ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ တွေ့ဆုံပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

■ *ကျော့ဖုံးမှ*

တူးဖော်တွေ့ရှိ

တူးဖော် သုတေသနပြုလုပ်ခဲ့သည့် ကုန်းအမှတ် (၂၀)မှ ထွက်ပေါ်လာသော အဆောက်အအုံပုံစံသည်ပျူမြို့ဟောင်းများ၌ တူးဖော်တွေ့ရှိရသည့် စတုရန်းပုံပန္နက်၏ အလယ်ဗဟိုတွင် စက်ဝိုင်းပုံပန္နက်ပါရှိသည့် ဗုဒ္ဓသာသနိက အဆောက်အအုံ၏ ပန္နက်ပုံစံမျိုးဖြစ်သည်။ တူးဖော်တွေ့ရှိရသော အဆောက်အအုံ၏ အတိုင်းအတာမှာ အောက်ခြေပေ (၅၃ × ၅၃)ပေ ပတ်လည်၊ အရှေ့ဘက်နှင့် အနောက်ဘက်အုတ်ခုံ လှေကား အလျား ၁၄ပေ၊ အနံ ကိုးပေ၊ အမြင့် ရှစ်ပေတို့ဖြစ်သည်။

အဆောက်အအုံ၏ အလယ်ဗဟိုတွင် အချင်း ၂၂ပေရှိသော စက်ဝိုင်းပုံသဏ္ဌာန် အုတ်ရိုးတန်းတည်ရှိပြီး အုတ်နံရံအဆင့်များတွင် အဆင်တန်ဆာပါရှိသော အုတ်ရိုးတန်းများနှင့် မြေမီးဖုတ် ရုပ်ကြွလက်ရာများဖြင့် တန်ဆာဆင်ထားသည်။ အဆောက်အအုံကို ပုံသဏ္ဌာန်အမျိုးမျိုးသော အုတ်ဖြင့် တည်ဆောက်ထားသည်ကို တွေ့ရှိရသည်။

ပင်လယ်မြို့ဟောင်းတူးဖော်မှု ကုန်းအမှတ်(၂၀)မှ တွေ့ရှိခဲ့သော အဆောက်အအုံနှင့် အဆင်တန်ဆာပါသော မြေမီးဖုတ်အုတ်ချပ်ရုပ်ကြွများကို တွေ့ရစဉ်။ (သတင်းစဉ်)

တစ်ဖက်ခုံး အုတ်၊ တစ်ဖက်ဝိုင်းအုတ်၊ တစ်ဖက်ချွန်အုတ်၊ အနားတွန့်အုတ်၊ ကနုတ်ပန်းအုတ်ချပ်များဖြင့် လှပစွာ တည်ဆောက်ထားသည်။ မြင်းစီးရုပ်ကြွပုံ၊ ခြေလေးချောင်း သတ္တဝါပုံ၊ ကနုတ်ပန်းနှင့်ကြာပန်းပွင့်ပုံ၊ ဗျာလရုပ်ပုံများ စသည့် ရုပ်ကြွပုံများ ဖော်ကျူးထားသော မြေမီးဖုတ်ရုပ်ကြွလက်ရာများကို အဆောက်အအုံ ပတ်လည်တွင် တန်ဆာဆင်ကပ်ထားကြောင်း တွေ့ရှိရသည်။

အဆိုပါ အဆောက်အအုံကြီး၏ ထူးခြားချက်များမှာ ဗိဿနိုးမြို့ဟောင်းရှိ ကုန်းအမှတ် ၁၄နှင့် ၁၈တို့၏ ပန္နက်ပုံ၊ သရေခေတ္တရာမြို့ဟောင်းရှိ မသီးကျကုန်း၏ ပန္နက်ပုံ၊ယခင် တူးဖော်ခဲ့သည့် ပင်လယ်မြို့ဟောင်းရှိ ကုန်းအမှတ် ၈၊ ၁၄၊ ၁၅တို့၏ ပန္နက်ပုံများနှင့် အလွန်တူညီကြောင်း တွေ့ရှိရသည်။ ယခုတူးဖော်တွေ့ရှိရသော အဆောက်အအုံကြီးနှင့်မြေလွှာဖွဲ့စည်းမှု စသည့် ဘာသာရေးယုံကြည်ကိုးကွယ်မှုဆိုင်ရာ သာသနိကအဆောက်အအုံဖြစ်ကြောင်း အဆောက်အအုံ၏ ပန္နက်ပုံ၊ တူးဖော်တွေ့ရှိသော ပစ္စည်းများကို လေ့လာ၍ သုံးသပ်နိုင်သည်။

သုတေသနပြု

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနသည် မြန်မာနိုင်ငံ၏ ရှေးအတိတ်ကာလမှ ယနေ့တိုင် ကြွင်းကျန်တည်ရှိနေသော ယဉ်ကျေးမှုသမိုင်း အထောက်အထားများကို မြန်မာနိုင်ငံအနှံ့ ရှာဖွေလေ့လာ၍ တူးဖော်သုတေသနပြုလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

RMGCC - တတိယအကြိမ် ဂေါက်သီးရိုက်ပြိုင်ပွဲကျင်းပမည်

နေပြည်တော် ဇူလိုင် ၂၀

Royal Mingalardon Golf & Country Club မှ ကြီးမှူးစီစဉ်သော RMGCC လစဉ် အပျော်တမ်း ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယအကြိမ် ပြိုင်ပွဲကို ဇူလိုင် ၂၅ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် ကျင်းပမည်ဖြစ်ရာ အပျော်တမ်း ဂေါက်သီးရိုက် ကစားသမားများ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း၊ ပြိုင်ပွဲပုံစံမှာ ၁၈ ကျင်းအကျောပေးပြိုင်ပွဲဖြစ်ပြီး System 36 ဖြင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း၊ အနိုင်ရရှိသူအား RMGCC Monthly Champion ဆုဖလားနှင့် ဆုပစ္စည်းချီးမြှင့်မည်ဖြစ်ပြီး အခြားပြိုင်ပွဲဝင်ဆုများကိုလည်း ချီးမြှင့်သွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင် ဦးရေကန့်သတ်ထားသဖြင့် ဇူလိုင် ၂၅ရက်မတိုင်မီ ဖုန်း-၀၁-၆၃၉၄၄၅၊ ၆၃၉၄၄၆၊ ၆၃၉၄၄၇ တို့သို့ ဆက်သွယ်စုံစမ်း စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာစီးပွား (၁၀)နှစ်ပြည့် အထိမ်းအမှတ် စာပေပညာရှင်ကြီးများအား ပူဇော်ကန်တော့

ရန်ကုန် ဇူလိုင် ၂၀

လယ်ယာစီးပွားသတင်း(၁၀)နှစ်ပြည့် အထိမ်းအမှတ် စာပေပညာရှင် ဆရာကြီးပါရဂူ (၈၉)နှစ်နှင့် ဆရာကြီး သောကြာမောင်ကလေး (၈၇)နှစ်တို့နှစ်ဦးအား ပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဇူလိုင်၁၈ရက် နံနက်က ရန်ကင်းမြို့နယ် ကမ္ဘာအေးစေတီလမ်း စိမ်းလဲ့မေလမ်းသွယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဓမ္မာရုံခန်းမဆောင်၌ ကျင်းပသည်။

ပူဇော်ကန်တော့

ဆက်လက်၍ နံနက် ၉နာရီတွင် ပင်တိုင်ဆောင်းပါးရှင် ဆရာကြီး ပါရဂူနှင့် ဆောင်းပါးရှင် ဆရာကြီး သောကြာ မောင်ကလေးတို့ နှစ်ဦးအား ဂါရဝပြုပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး ဆရာကြီးနှစ်ဦးက ဩဝါဒဆုပေးစကား ပြောကြားကြသည်။ **(အပေါ်ပုံ)**

ထို့နောက် ကြွရောက်လာသည့် ဧည့်သည်တော်များ၊ စာရေးဆရာ၊ သတင်းစာဆရာများနှင့် ဖိတ်ကြားထားသူများအား စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်းသိရသည်။ (၁၇၃)

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်ဝစေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

အုတ်ချပ် ရုပ်ကြွ

ပင်လယ်မြို့ဟောင်း တူးဖော်မှု ကုန်းအမှတ်(၂၀)မှ တွေ့ရှိခဲ့သော မြေမီးဖုတ် အုတ်ချပ် ရုပ်ကြွတစ်ခုကို တွေ့ရစဉ်။ (သတင်းစဉ်)

ဘိုးရင်းမှထုတ်လုပ်သော ၇၈၇ဒရင်းမ်လိုင်းနား ပထမဆုံးအကြိမ် စတင်စမ်းသပ်ပျံသန်း

အင်္ဂလန် ဇူလိုင် ၂၀

ဘိုးရင်းကုမ္ပဏီမှ ထုတ်လုပ်လိုက်သော ၇၈၇ဒရင်းမ်လိုင်းနား အမည်ရှိ ခရီးသည်တင် လေယာဉ်ကြီးသည် ဇူလိုင် ၁၈ရက်က အမေရိကန်နိုင်ငံအပြင်ဘက်သို့ ပထမဆုံး ပြည်ပခရီးစဉ်အဖြစ် အင်္ဂလန်လေဆိပ်၌ ပျံသန်းဆင်းသက်ခဲ့သည်။

ယင်း ၇၈၇ဒရင်းမ်လိုင်းနားလေယာဉ်သည် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှု မရှိအောင် နောက်ဆုံးပေါ်နည်းပညာများ အသုံးပြုထုတ်လုပ်ထားကြောင်း ဘိုးရင်း ကုမ္ပဏီ အမှုဆောင်အရာရှိချုပ် ဂျင်အောဘတ်က ပြောကြားသည်။

ရောင်းချ

ဒရင်းမ်လိုင်းနားသည် ခရီးသည်တင်လေယာဉ်အမျိုးအစားဖြစ်ပြီး ခရီးမိုင်ဝေး ပျံသန်းပြေးဆွဲနိုင်ကြောင်း၊ ၎င်းလေယာဉ်အမျိုးအစားကို ယခုနှစ်ကုန်ပိုင်းတွင် ဂျပန်အောနစ်ပွန် လေကြောင်းလိုင်းသို့ ပထမဆုံးခရီးသည်တင်လေယာဉ်အဖြစ် တင်ပို့ ရောင်းချသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ၎င်းလေယာဉ်သည် အင်ဂျင် နှစ်လုံးတပ် လေယာဉ်အမျိုးအစားဖြစ်ပြီး ဆီစားသက်သာကာ အပေါ့ပါးဆုံးသတ္တုပစ္စည်း များဖြင့် ထုတ်လုပ်ထားကြောင်းသိရသည်။ (အင်တာနက်)

ငြိမ်းချမ်းရေးအစီအစဉ် ဆွေးနွေးရန်
အေယူ အဆင့်မြင့်အစည်းအဝေး ကျင်းပ

အဒစ္စအဘာဘာ ဇူလိုင် ၂၀

ငြိမ်းချမ်းရေးအစီအစဉ်များဆွေးနွေးရန် အာဖရိကသမဂ္ဂ(အေယူ) အဆင့်မြင့်အစည်း အဝေးကို အီသီယိုးပီးယားနိုင်ငံ အဒစ္စအဘာဘာမြို့ရှိ အေယူရုံးချုပ်၌ ဇူလိုင် ၁၈ရက်က ကျင်းပခဲ့ကြောင်း ဆင်ဟွာသတင်းဌာနမှ ကြေညာသည်။

၂၀၁၀ခုနှစ် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးနှစ်နှင့်ဆက်စပ်သည့် အကြောင်းအရာနှင့်စပ်လျဉ်းပြီး အေယူငြိမ်းချမ်းရေးနှင့် လုံခြုံရေးကောင်စီက အစည်းအဝေးများ ခေါ်ယူရန် စီစဉ်ထားသည့်အနက် ဤ အဆင့်မြင့်အစည်းအဝေးမှာ တစ်ခုအပါ အဝင်ဖြစ်ပြီး ငြိမ်းချမ်းရေးအစီအစဉ်၏ ပြင်ဆင်ရေးနှင့် အကောင်အထည်ဖော် ရေးကို ဆွေးနွေးကြမည် ဖြစ်သည်။

တက်ရောက်

အခမ်းအနားသို့ ငြိမ်းချမ်းရေးအစီအစဉ်၏ အကြံပေးကောင်စီအဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေး သံကိုယ်စားလှယ်များ တက်ရောက်ကြသည်။ ယခုနှစ်ကုန်အတွက် လုပ်ငန်းအစီအစဉ်နှင့်ပတ်သက်၍ အမြင် ချင်းဖလှယ်ပြီး အသေးစိတ်အချက်များ ချမှတ်မည်ဖြစ်သည်။

မျှော်လင့်

လူသားချင်း စာနာထောက်ထားရေး အဖွဲ့များလည်း ဤအစည်းအဝေးသို့ တက်ရောက်မည်ဟု မျှော်လင့်ရကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

အမ်အန်နင်အေ၊ဆင်ဟွာ

ကန်လွှတ်တော်အမတ် လာရောက်မှု အီရန်က ငြင်းပယ်

တီဟီရန် ဇူလိုင် ၂၀

အမေရိကန်လွှတ်တော်အမတ် ဂျွန်ကီရီ၏ အီရန်နိုင်ငံသို့ အလည်အပတ်ခရီး လာရောက်ရန် တောင်းဆိုမှုကို အီရန်အစိုးရက ဇူလိုင် ၁၉ရက်၌ ငြင်းပယ်လိုက်ကြောင်း အီရန်အရာရှိများက ပြောကြားသည်။

ပြောကြား

အမေရိကန် ဒီမိုကရက်တစ်များသည် ရှေ့နောက်ညီညွတ်စွာ ပြုမူပြောဆိုတတ်သူများ မဟုတ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ၎င်း၏ အလည်အပတ်ခရီး လာရောက်မှုကို ငြင်းပယ်ရခြင်းဖြစ်ကြောင်း အီရန်နိုင်ငံပြည်ပမူဝါဒရေးရာ ကော်မရှင်အကြီးအကဲ ဘိုရိုဂျာဒီက ပြောကြားသည်။

မပြောင်းလဲ

အမေရိကန်တို့က အီရန်နိုင်ငံအပေါ် ဆက်ဆံရေးနှင့်ပတ်သက်ပြီး မူဝါဒ မပြောင်းလဲပါက အီရန်ကလည်း အမေရိကန်တို့အပေါ် ထားရှိသည့်မူဝါဒကို ပြောင်းလဲမည် မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

(အင်တာနက်)

မကြာမီကျင်းပမည့် ၂၀၁၀ မယ်စကြဝဠာပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်ရန် ရွေးချယ်ထားသည့် တရုတ်နိုင်ငံမှ အသက် ၁၉နှစ်အရွယ်ရှိ အလှမယ် တန်ဝမ်ကို ဇူလိုင် ၂၀ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဂါဇာကမ်းမြောင်ဒေသ ပိတ်ဆို့ထားမှု အစ္စရေးတို့ ဖွင့်ပေးရမည်ဟုဆို

ဂါဇာ ဇူလိုင် ၂၀

အစ္စရေးနိုင်ငံအနေဖြင့် ဂါဇာကမ်းမြောင်ဒေသနယ်စပ်တစ်လျှောက် ပိတ်ဆို့ထားမှုများကို ဖွင့်ပေးရမည်ဖြစ်ကြောင်း အီးယူ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကြီးအကဲ ကက်သရင်းအက်ရှ်တန်က ဇူလိုင် ၂၀ရက်၌ တိုက်တွန်းလိုက်သည်။

သွားရောက်

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် အစ္စရေးတို့ပိတ်ဆို့ထားမှုကို ဖိအားပေးရန်လည်း အက်ရှ်တန်က တိုက်တွန်းလိုက်သည်။

သူမသည် အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသတွင်း ကုန်ပစ္စည်းများ ထိန်းချုပ်တင်သွင်းခဲ့ပြီးနောက် အနောက်ဥရောပနိုင်ငံများမှ ထိပ်တန်းတာဝန်ရှိသူတစ်ဦးအဖြစ် ဂါဇာကမ်းမြောင်ဒေသသို့ သွားရောက်မည်ဖြစ်သည်။

အစ္စလမ္မစ်ဟားမက်စ်အဖွဲ့က ဂါဇာကမ်းမြောင်ဒေသကို ထိန်းချုပ်ခဲ့ပြီးနောက် ၂၀၀၇ခုနှစ်မှစပြီး အစ္စရေးတို့က ဂါဇာကမ်းမြောင် ဒေသတွင် ထိန်းချုပ်တားမြစ်မှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ *(အင်တာနက်)*

မိုဂါဒစ်ရှူးတိုက်ပွဲ၌ ၁၄ဦးသေဆုံး

မိုဂါဒစ်ရှူး ဇူလိုင် ၂၀

ဆိုမာလီယာနိုင်ငံ မိုဂါဒစ်ရှူးမြို့၌ ဇူလိုင် ၁၉ရက်က ဆိုမာလီတပ်ဖွဲ့နှင့် ဆိုမာလီ အကြမ်းဖက်အုပ်စုတို့ တိုက်ပွဲဖြစ်ပွားရာ အရပ်သား ၁၄ဦးသေဆုံးကြောင်း ပြည်နယ် မီဒီယာက သတင်းထုတ်ပြန်သည်။

ဒဏ်ရာရ

ယင်းတိုက်ပွဲသည် မိုဂါဒစ်ရှူးမြို့အရှေ့မြောက်ပိုင်း၌ ဇူလိုင် ၁၈ရက် နှောင်းပိုင်းက စတင်ကာ ဇူလိုင် ၁၉ရက်အထိ တိုက်ခိုက်ခဲ့မှုတွင် အခြား ၂၃ဦး ဒဏ်ရာရရှိသည်ဟု အဆိုပါသတင်း၌ ဖော်ပြသည်။

ယခင်ရက်သတ္တပတ်က ယူဂန္ဒာနိုင်ငံ ကမ်ပါလာမြို့၌ အစ္စလမ္မစ်အဖွဲ့၏ တိုက်ခိုက် မှုကြောင့် များစွာသေဆုံးခဲ့ရသဖြင့် မိုဂါဒစ်ရှူးမြို့တွင် လုံခြုံရေး တိုးမြှင့်ချထားခဲ့သည်ဟု ဆိုမာလီယာအစိုးရအဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

အီရန် ရေငုပ်သင်္ဘော စတင် အသုံးပြုမည်

တီဟီရန် ဇူလိုင် ၂၀

အီရန်နိုင်ငံသည် အဆင့်မြင့်နည်းပညာများ တပ်ဆင်ထားသည့် ရေငုပ်သင်္ဘော တစ်စင်းကို မကြာမီ စတင်အသုံးပြုတော့မည်ဖြစ်ကြောင်း၊ ခေတ်မီလက်နက်များ အပြည့်အစုံ တပ်ဆင်ထားကြောင်း အီရန်ကာကွယ်ရေးဝန်ကြီးဗာဟီဒီက ဇူလိုင် ၁၉ရက်၌ ပြောကြား သည်။

တပ်ဆင်

အဆင့်မြင့်နည်းပညာများ၊ ခေတ်မီလက်နက်များ တပ်ဆင်ထားသော ရေငုပ်သင်္ဘော သည် ရေအောက်တွင် စွမ်းအားမြင့်စွာဖြင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုရေငုပ်သင်္ဘောအသစ်ကို အီရန်ကာကွယ်ရေးသိပ္ပံမှ ပညာရှင်များက တည်ဆောက် ထားခြင်းဖြစ်ပြီး အီရန်ရေတပ်သို့ ဇူလိုင် ၂၇ရက်၌ လွှဲပြောင်းပေးမည်ဖြစ်သည်။ ၎င်းရေငုပ် သင်္ဘောတွင် ခေတ်မီရေဒါစနစ်သစ်များတပ်ဆင်ထားကြောင်း အီရန်ကာကွယ်ရေးဝန်ကြီး ဗာဟီဒီက ပြောကြားသည်။ **(အင်တာနက်)**

လစ်ဗျားနိုင်ငံမှ ပေးပို့သော ထောက်ပံ့ရေးပစ္စည်းများ အီဂျစ် ဆိပ်ကမ်းမှတစ်ဆင့် မော်တော်ယာဉ် ဖြင့် ဂါဇာကမ်းမြောင်ဒေသသို့ ပို့ဆောင် ပေးနေသည်ကို ဇူလိုင် ၁၉ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)



တရုတ်နိုင်ငံအလယ်ပိုင်း ဟူဘေး ပြည်နယ် ရီချန်းဒေသ၌ မြစ်ကျဉ်း သုံးသွယ်ဆည်ကြီး၏ ရေလွှဲပေါက်များမှ ပိုလျှံရေများ တစ်စက္ကန့်လျှင် ၆၆၆၀ ကုဗမီတာနှုန်းဖြင့် ထုတ်လွှတ်ပေးနေ သည်ကို ဇူလိုင် ၂၀ရက်က တွေ့ရစဉ်။
(တရုတ်နိုင်ငံတွင် စံချိန်တင်ရေကြီးခဲ့၍ ရေများ မြစ်ကျဉ်းသုံးသွယ်ဆည်အတွင်း အလုံးအရင်းဖြင့် ဝင်ရောက်ခဲ့သည်။)
(အင်တာနက်ဓာတ်ပုံ)

မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ်တွင် ရှားပါးလိပ်မျိုး အကောင်၄၀၀နီးပါး ဖမ်းမိ

ကွာလာလမ်ပူ ဇူလိုင် ၂၀

မလေးရှားနိုင်ငံ ကွာလာလမ်ပူ လေဆိပ်ရှိ အကောက်ခွန်အရာရှိများက မက်ဒါဂက်စ်ကားနိုင်ငံမှ တင်သွင်းလာသော ရှားပါးလိပ်မျိုး အကောင်၄၀၀ နီးပါးကို ဇူလိုင် ၁၉ရက်က ဖမ်းဆီးမိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဖမ်းဆီးမိ

ယင်းသို့ဖမ်းဆီးမိခြင်းသည် ဒုတိယ အကြိမ်မြောက်ဖြစ်ပြီး မကြာမီကာလ ကလည်း တစ်ကြိမ်ဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

ပါဝင်

ဖမ်းဆီးမိသော လိပ်များထဲတွင် မက်ဒါဂက်စ်ကားမှ နာမည်ကြီးဖလိုရာနှင့် ပြူနာရှားပါးလိပ်မျိုးများ ပါဝင်သည်ဟု ဆိုသည်။

ပြောကြား

၎င်းအမှုတွင် ပါဝင်ပတ်သက်သူများ ကို ဖမ်းဆီးထားကြောင်းနှင့် ရှားပါး တိရစ္ဆာန်များအား ကုန်သွယ်နေမှုကို ရပ်တန့်နိုင်အောင် ကြိုးစားလျက်ရှိကြောင်း နိုင်ငံတကာ ခရီးသွားလာရေးအေဂျင်စီမှ တာဝန်ရှိသူ ရစ်ချက်တိုကက်စ်က ပြော ကြားသည်။ *(အင်တာနက်)*

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည်-စုစည်းသည်

ကန်လေယာဉ်တင်သင်္ဘော၏ တောင်ကိုရီးယားခရီးစဉ်

အမေရိကန်လေယာဉ်တင်သင်္ဘော ယူအက်စ်အက်စ်ဂျော့ဝါရှင်တန်သည် တောင်ကိုရီးယားနိုင်ငံသို့ ယခုသီတင်းပတ်အတွင်း ဆိုက်ရောက်လာမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ရန်အတွက်ဖြစ်ကြောင်း တောင်ကိုရီးယားအရာရှိများက ဇူလိုင် ၂၀ရက်၌ ပြောကြားသည်။

တရုတ်အနောက်တောင်ပိုင်း၌ မြေပြို

တရုတ်အနောက်တောင်ပိုင်း စီချွမ်ပြည်နယ် မီရာနင်းစီရင်စုတွင် ဇူလိုင် ၂၀ရက် နံနက်က မြေပြိုမှုဖြစ်ပွားရာ ၁၁ဦးပျောက်ဆုံးလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း မီရာနင်းစီရင်စုရဲတပ်ဖွဲ့က ပြောကြားသည်။

အာဖဂန် နိုင်ငံတကာကွန်ဖရင့် စတင်ဖွင့်လှစ်

အာဖဂန်နစ္စတန်နိုင်ငံ ပြန်လည်တည်ဆောက်ရေးနှင့် တည်ငြိမ်ရေးတို့အတွက် နိုင်ငံတကာကွန်ဖရင့်တစ်ရပ်ကို ကဘူးလ်မြို့၌ ဇူလိုင် ၂၀ရက်က စတင်ဖွင့်လှစ်လိုက်ရာ နိုင်ငံပေါင်း ၇၀မှကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြကြောင်း သတင်းထုတ်ပြန်သည်။

အဇာဘိုင်ဂျန်က ဆက်သွယ်ရေးဂြိုဟ်တု လွှတ်တင်

ဆက်သွယ်ရေးလုပ်ငန်းများ လျင်မြန်စွာလုပ်ဆောင်နိုင်ရန်အတွက် အဇာဘိုင်ဂျန်နိုင်ငံက အဇာဆက်အမည်ရှိ ဆက်သွယ်ရေးဂြိုဟ်တုတစ်လုံးကို ဇူလိုင် ၂၀ရက်က ပထမဆုံးလွှတ်တင်လိုက်ကြောင်း အဇာဘိုင်ဂျန်ဆက်သွယ်ရေးအရာရှိများက ပြောကြားသည်။ *(အောက်ပုံ)*

တရုတ်သို့ ဗီဇာမဲ့ ခရီးသွားလာရောက်မှုများပြား

တရုတ်နိုင်ငံဟဲနန်ပြည်နယ်သို့ ရုရှား၊ တောင်ကိုရီးယားနှင့် ဂျာမနီနိုင်ငံများမှ ကမ္ဘာလှည့်ခရီးသွားများ ဗီဇာမဲ့လာရောက်လည်ပတ်မှု တိုးမြင့်လျက်ရှိရာ ယခုနှစ်ပထမခြောက်လတာ ကာလအတွင်း ၃၁၆၀၀၀ရောက်ရှိခဲ့ကြောင်း၊ ဗီဇာမဲ့သက်တမ်း ၂၁ရက်အထိ တိုးမြှင့်သတ်မှတ်ခဲ့၍ဖြစ်ကြောင်း တရုတ်အရာရှိများက ဇူလိုင် ၂၀ ရက်၌ ပြောကြားသည်။

ဘိုလစ်ဗီးယား၌ အအေးလှိုင်းကျရောက်

ဘိုလစ်ဗီးယားနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ဇူလိုင် ၂၁ရက်ကအပူချိန် ၃ဒီဂရီဆဲလ်စီးရပ်စ်အထိ ကျဆင်းခဲ့ပြီး အအေးလှိုင်းကျရောက်ခဲ့ကြောင်း၊ ၂၉နှစ်အတွင်း အဆိုးရွားဆုံးဖြစ်ကြောင်း၊ ဒေသခံ ၁၈ဦးသေဆုံးခဲ့ကြောင်း ဘိုလစ်ဗီးယား အရာရှိများက ပြောကြားသည်။

စင်ကာပူ၌ ပုဂ္ဂလိကလေကြောင်း တိုးချဲ့ဖွင့်လှစ်

စင်ကာပူနိုင်ငံတွင် ပုဂ္ဂလိကလေကြောင်းလိုင်းများ တိုးတက်ဖွံ့ဖြိုးလာမှုအတွက် ပုဂ္ဂလိကလေကြောင်းလိုင်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး၊ ကုန်တင်လေယာဉ်များ ပိုမိုပျံသန်းနိုင်စေရေးကို စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း စင်ကာပူအရာရှိများက ဇူလိုင် ၂၀ရက်၌ ပြောကြားသည်။

အီရန်နှင့်ဂျပန် နျူစက်ရုံ ပူးတွဲတည်ဆောက်မည်

အီရန်နှင့် ဂျပန်နိုင်ငံတို့ပူးပေါင်းပြီး အီရန်နိုင်ငံအတွင်း နျူကလီးယား ဓာတ်အားပေးစက်ရုံ ပူးတွဲတည်ဆောက်သွားမည်ဖြစ်ကြောင်း အီရန်အရာရှိများက ဇူလိုင် ၂၀ရက်၌ ပြောကြားသည်။

နယူးယောက်မြို့၌ အပူလှိုင်းကျရောက်

အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ဇူလိုင် ၂၀ရက်က အပူချိန် ၉၄ဒီဂရီဖာရင်ဟိုက်အထိမြင့်တက်ပြီး အပူလှိုင်းကျရောက်ခဲ့ကြောင်း၊ အပူချိန်ဆက်လက်မြင့်မားမည့်အခြေအနေရှိနေကြောင်း နယူးယောက်မြို့မီဒီယာများက ဖော်ပြသည်။ ။

(အင်တာနက်)

ပဲခူးမြို့နှင့်ဒိုက်ဦးမြို့တို့ရှိ စားသောက်ကုန်လုပ်ငန်းများ

ဝန်ကြီး ဦးအောင်သောင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၀

အမှတ် (၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဇူလိုင် ၁၉ရက် နံနက်ပိုင်းက ပဲခူးမြို့ရှိ မြန်မာ့စားသောက်ကုန်လုပ်ငန်း ပီလောပီနံစိုက်ခင်းသို့ ရောက်ရှိရာ ယာယီရှင်းလင်းဆောင်၌ စိုက်ခင်းတာဝန်ခံ ဦးမောင်ချိုက ပီလောပီနံ စိုက်ခင်းဧက ၇၀၀ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက မျိုးကောင်းမျိုးသန့် ပီလောပီနံစိုက်ခင်းများ လျာထားဧက ပြည့်မီရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားပြီး စိုက်ပျိုးဖြစ်ထွန်းအောင်မြင်လျက်ရှိသော ပီလောပီနံ စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝင်းသုဇာအရောင်းဆိုင် (ပဲခူး)သို့ ရောက်ရှိပြီး ဆိုင်အတွင်း ရောင်းချနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြန်မာ့စားသောက်ကုန်လုပ်ငန်း ဒိုက်ဦးကော်မှုန့်စက်ရုံသို့ ရောက်ရှိပြီး စက်မှုကုန်ကြမ်းသီးနှံ ပီလောပီနံစိုက်ခင်းဧက ၁၃၀၀ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြံ့ခိုင်မှု

ဆက်လက်၍ ကော်မှုန့်စက်ရုံရှိ ထုပ်ပိုးဌာနစိတ်၌ ဂလူးကို့စ်ထုပ်ပိုးထုတ်လုပ်မှုနှင့် စက်ရုံမှထုတ်လုပ်သော ဂလူးကို့စ်မှုန့်များနှင့် အချိုဖောက်ဌာနရှိ ကော်ရည်ဖျော်စက်၊ ဂလူးကို့စ် ချေမွစက်၊ ဗဟိုခွာစက်၊ ဂလူးကို့စ် အခြောက်ခံစက်၊ အပွင့်ဖော်စက်များ၏ ကုန်ထုတ်လုပ်မှုနှင့် စက်များ၏ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောင်းပြင်ပ မူလတန်းပညာရေးသင်တန်းဖွင့်ပွဲ မော်လမြိုင်ကျွန်း၌ ကျင်းပ

မော်လမြိုင်ကျွန်း ဇူလိုင် ၂၀

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းပြင်ပမူလတန်းပညာရေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၁၅ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မဟာဆောင်ခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ညွန့်ညွန့်ရီ၊ ဧရာဝတီတိုင်း လက်ထောက်တိုင်းပညာရေးမှူး(စစ်ဆေးရေး) ဦးမင်းနိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးတင်မင်းတို့က အမှာစကားပြောကြားကြသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် ကျောင်းပြင်ပ မူလတန်းပညာရေး၌ တစ်နိုင်ငံလုံး စွမ်းဆောင်ရည် အကောင်းဆုံး တတိယဆုရရှိခဲ့သဖြင့် ဆုငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာတို့ကို မြို့နယ်ပညာရေးမှူးဦးတင်မင်းက မြို့နယ်ဥက္ကဋ္ဌဦးအောင်ကျော်ခိုင်ထံ လွှဲပြောင်းပေးအပ်သည်။**(အပေါ်ပုံ)**

ထို့နောက် မြို့နယ်လုပ်ငန်းရှင်များနှင့် မြို့နယ်ပညာရေးမိသားစုများက စုပေါင်းလှူဒါန်းငွေကျပ် ၁၆ သိန်းကျော်ကို ဘဏ္ဍာရေးကော်မတီထံပေးအပ်လှူဒါန်းကြသည်။

(၁၄၂)

စတုတ္ထအကြိမ် သဘင်သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံ သဘင်ပညာရှင်များအစည်းအရုံး(ဗဟို)က ကြီးမှူးကျင်းပသည့် စတုတ္ထအကြိမ် သဘင်သက်ကြီး ပူဇော်ပွဲ အခမ်းအနားကို ဇူလိုင် ၁၈ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပရာ ရှေးဦးစွာ သဘင်ပညာရှင်များအစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးစိန်မာဒင်က ပူဇော်ပွဲကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စာရေးဆရာချစ်ဦးညိုက မုဒိတာစကား ပြောကြားသည်။

ပြန်လည်ပေးအပ်

ထို့နောက် အလှူရှင်များက သက်ကြီးပူဇော်ပွဲကျင်းပနိုင်ရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ဥက္ကဋ္ဌ ဦးစိန်မာဒင်၊ ဒုတိယဥက္ကဋ္ဌ ဦးရဲဒွေးနှင့် အတွင်းရေးမှူး ဦးအောင်တင်ဝင်းတို့က လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ရုပ်သိမ်း

ယင်းနောက် ကန်တော့ခံ သဘင်သက်ကြီးပညာရှင်များအား မြန်မာနိုင်ငံ သဘင်ပညာရှင်များအား အစည်းအရုံးဝင်များက စုပေါင်းကန်တော့ကြပြီး ကန်တော့ခံ သဘင်သက်ကြီးပညာရှင်များကိုယ်စား ရာမ ဦးအုန်းမောင်က သြဝါဒစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လှူဒါန်း

ယနေ့ကျင်းပသည့် သဘင်သက်ကြီးပူဇော်ပွဲ အခမ်းနားတွင် ကန်တော့ခံ သဘင်သက်ကြီးပညာရှင် ၁၂၂ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ငါးသောင်းစီ လှူဒါန်းကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး(ဗဟို)က စတုတ္ထအကြိမ် သဘင်သက်ကြီးပူဇော်ပွဲ အခမ်းအနားကို ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံ၌ ကျင်းပစဉ်။ (သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ရန်ကင်းမြို့နယ် အမှတ်(၅)ရပ်ကွက် ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

ရန်ကုန်အရှေ့ပိုင်းခရိုင် ရန်ကင်းမြို့နယ် ကော်မရှင်အဖွဲ့ခွဲ၏ ကြီးကြပ်မှုဖြင့် ရန်ကင်းမြို့နယ် အမှတ်(၅)ရပ်ကွက် ရပ်ကွက်ကော်မရှင် အဖွဲ့ခွဲရုံး ဆိုင်းဘုတ်ဖွင့်ပွဲကို ဇူလိုင် ၁၈ရက် မွန်းလွဲ ၁နာရီက ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှဝင်းနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးနိုင်တို့က ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံး ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၁-၇-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ ဓမ္မပူဇာတေး
၇:၂၀ ၄။ မျိုးချစ်တပ်မတော်
၇:၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၃၅ ၃။ အမျိုးသားရေး တေးကဗျာ
၄:၄၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄:၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၅ ၆။ မျိုးချစ်တပ်မတော်
၅:၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅:၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၅:၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
၅:၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၃၅ ၁၄။ Mail Box
၆:၄၅ ၁၅။ ကာတွန်းအစီအစဉ် **စွန့်စားသူတို့ပျော်စံရာ** (အပိုင်း -၃၁)
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၅၀)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ရယ်ရွှင်စရာ ဟာသပဒေသာ **တန်းကြိုး** သူရလင်း၊ မိုးခန့်၊ ဧရာ၊ အုန်းသီး၊ ဗေဒါ၊ စိုပြေ၊ သီဟဖြိုး၊ ဆုပန်ထွာ၊ ခိုင်ဇာ ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)
၂၂။ အိုင်စီတီသုတ
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကမ္ဘာ့ည်းတွင်မည့် ချင်သူရဲကောင်း** (အပိုင်း -၃၇)

ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများ တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်းဖြင့်

သယံဇာတများ ပြုန်းတီးမှုမရှိသော ဖွံ့ဖြိုးတိုးတက်မှုရနိုင်မည်

နေပြည်တော် ဇူလိုင် ၂၀

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇူလိုင် ၁၅ရက်တွင် ကိုရီးယားသမ္မတနိုင်ငံ ဂျီဂျူးမြို့၌ ကျင်းပခဲ့သော ဒုတိယအကြိမ် အရှေ့တောင်အာရှနှင့် အရှေ့အာရှဒေသ ပတ်ဝန်းကျင်နှင့် ကျန်းမာရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီးနောက် ဇူလိုင် ၁၈ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အင်ဒိုနီးရှားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံ၊ မြန်မာနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးများ၊ ပတ်ဝန်းကျင်ဝန်ကြီးဌာန ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် ကိုရီးယားသမ္မတနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး မစ္စဂျောင်ဂျေးဟီး၊ ပတ်ဝန်းကျင်ဝန်ကြီးဌာန ဝန်ကြီး မစ္စတာလီမန်ဟီး၊ ကုလသမဂ္ဂ ပတ်ဝန်းကျင်အစီအစဉ် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စတာယောင်ဝူပတ်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အနောက်ပစိဖိတ် ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ် ဒေါက်တာရှင်ယောင်စူးတို့က အမှာစကားပြောကြားကြသည်။

ထည့်သွင်းပြောကြား

အဆိုပါအစည်းအဝေးတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးက မိန့်ခွန်းပြောကြားရာ၌ ပတ်ဝန်းကျင်ဆိုင်ရာကျန်းမာရေးကို မြှင့်တင်ခြင်းသည် ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီရေးကို အာမခံချက်ပေးနိုင်ကြောင်း၊ အလားတူပင် ကျန်းမာရေး၊ အသက်ရှည်ရေး၊ ဂုဏ်သိက္ခာ၊ ပညာရေးနှင့် လူမှုစီးပွား အဆင့်အတန်းတို့ကိုပါ မြှင့်တင်နိုင်ကြောင်း၊ ရောဂါဖြစ်ပွားခြင်းနှင့် ကိုယ်ကာယချို့ယွင်းမှုတို့ကို ကာကွယ်နိုင်ပြီး ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုနှင့် ဆိုးကျိုးများကို တားဆီးနိုင်ကြောင်း၊ မျိုးဆက်သစ်များအတွက် အမွေကောင်းများကို လက်ဆင့်ကမ်းနိုင်ကြောင်း၊ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို တက်တက်ကြွကြွ မှန်မှန်ကန်ကန် ထိရောက်စွာ ပါဝင်ဆောင်ရွက်ခြင်းဖြင့် သယံဇာတ ပြုန်းတီးမှုမရှိသော ဖွံ့ဖြိုးတိုးတက်မှုကို ရနိုင်မည်ဖြစ်ကြောင်းတို့ကို ထည့်သွင်းပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များဖြစ်ကြသည့် သစ်တောရေးရာဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင် အတွင်းရေးမှူး ဦးစန်းလွင်၊ ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာမင်းသန်းညွန့်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အမျိုးသားကော်မရှင်မှ ဒေါက်တာကြည်လွင်ဦးတို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တက်ရောက်

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ကိုရီးယားသမ္မတနိုင်ငံ ဂျီဂျူးမြို့၌ ကျင်းပသည့် ဒုတိယအကြိမ် အရှေ့တောင် အာရှနှင့် အရှေ့အာရှဒေသ ပတ်ဝန်းကျင်နှင့် ကျန်းမာရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်စဉ်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၇-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**ဝိပဿနာအကျိုးချစ်မြတ်နိုး** တရားတော် (ဆရာတော် အရှင်ဩဘာသသိရီ)
၆:၄၅	ဗုဒ္ဓဝင်ရုပ်စုံတာ မယ်လမုစေတီတော်မှာ
၇:၀၀	MRTV-4 သတင်း
၇:၄၅	MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅၃)
၈:၃၀	Sports World
၈:၅၅	Industrial Talk [ကိုကို (စက်မှုတက္ကသိုလ်)၊ ဒေါက်တာ တင်အောင်ရွှေ (သုတေသီ)]
၉:၂၅	အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ အဘိဓမ္မာ(၇)ကျမ်း သာသနာပြုမှတ်တမ်း
၉:၄၀	အားကစားမြင်ကွင်းစုံ
၁၀:၂၅	မြတ်နိဗ္ဗာန်သောင်ကမ်းသို့ရည်... ဖားအောက်တောရစခန်းမှသည်
၁၀:၄၅	ကျန်းမာရေးဆွေးနွေးဟောပြောပွဲ အသည်းအစားထိုးကုသခြင်းနှင့် Cyberknife
၁၁:၀၅	ဗီဒီယိုပြခန်း
၁၁:၂၅	ယွန်းအနုပညာတစ်ခု၏ ဖြစ်တည်ရာ
၁၁:၅၀	ဓာတ်ပုံထဲမှ အမှတ်တရများ (မင်းဟိဏ်း)
၁၂:၂၀	ကလေးတေးသရုပ်ဖော်အစီအစဉ် (မေမေ၊ ဖေဖေ)
၁၂:၄၀	**အမုန်းချစ်မှ အချစ်မုန်း** ဖြိုးငွေစိုး၊ မေနန်းခေါင်၊ ထက်ရှား၊ ဒေါ်အိအိစိုး (ဒါရိုက်တာ- ကြည်စိုး)
၁:၀၀	**ဝိပဿနာအကျိုးချစ်မြတ်နိုး** တရားတော် (ဆရာတော် အရှင်ဩဘာသသိရီ)
၁:၄၅	ထင်ရှားတည်ရှိ မြင်းမထိ
၂:၀၀	MRTV-4 သတင်း
၂:၄၅	စကားနပန်း (ဘောလုံးကန်တာ ကောင်းတယ်၊ ဘောလုံးမကန်တာ ကောင်းတယ်)
၃:၃၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၅၃)
၄:၂၀	3D ကျွဲကော
၄:၄၀	ကျန်းမာရေးဆွေးနွေးဟောပြောပွဲ အသည်းအစားထိုးကုသခြင်းနှင့် Cyberknife
၅:၀၀	အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ အဘိဓမ္မာ(၇)ကျမ်း သာသနာပြုမှတ်တမ်း
၅:၁၀	မြတ်နိဗ္ဗာန်သောင်ကမ်းသို့ရည်... ဖားအောက်တောရစခန်းမှသည်
၅:၃၅	နယည်ဆန်းထွင် ပန်းအလှဆင် (စိတ်ကြိုက်ပန်းစည်းထုပ်ပိုးနည်း)
၆:၀၀	MRTV-4 သတင်း
၆:၂၀	ဓာတ်ပုံထဲမှ အမှတ်တရများ (မင်းဟိဏ်း)
၆:၅၀	ဗီဒီယိုပြခန်း
၇:၀၅	ရန်ကုန်မြင်ကွင်းကျယ် ဆီဒိုရာကံထူးရှင်ရွေးချယ်ပွဲ (၂၀၁၀)
၇:၂၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဘိုဘိုဟန်)
၈:၀၀	MRTV-4 သတင်း
၈:၃၀	စကားနပန်း (ဘောလုံးကန်တာ ကောင်းတယ်၊ ဘောလုံးမကန်တာ ကောင်းတယ်)
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်**(အပိုင်း-၅၃)
၁၀:၀၀	သီချင်းကောင်းကောင်း သီချင်းတောင်း
၁၀:၂၅	နယည်ဆန်းထွင်ပန်းအလှဆင် (စိတ်ကြိုက်ပန်းစည်းထုပ်ပိုးနည်း)
၁၀:၄၅	ရန်ကုန်မြင်ကွင်းကျယ် ဆီဒိုရာကံထူးရှင်ရွေးချယ်ပွဲ (၂၀၁၀)
၁၁:၀၀	ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ဘိုဘိုဟန်)
၁၁:၃၅	Industrial Talk
၁၂:၀၅	ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဆိုင်ရာ ဗဟုသုတလေ့လာပါ Resource Centre မှာ
၁၂:၂၀	မီးအပူပေးပြုပြင်ခြင်းနည်းပညာ
၁၂:၃၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ

ပထမအဆင့်အုပ်စုပတ်လည် ဆက်လက်ယှဉ်ပြိုင်

နေပြည်တော် ဇူလိုင် ၂၀

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ်မြောက် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ပထမအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ညနေ ၄နာရီတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်များ တပျော်တပါး လာရောက်ကြည့်ရှု အားပေးကြသည်။

အနိုင်ရရှိ

နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်းတွင် ကျင်းပသော ပွဲစဉ်၌ (ဇ) အုပ်စုမှ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း၊ နေပြည်တော် ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်းတွင် ကျင်းပသောပွဲစဉ်၌ (ဇ)အုပ်စုမှ ကျန်းမာရေးဝန်ကြီးဌာနအသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို ငါးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ နေပြည်တော်လယ်ဝေး ဘောလုံးအားကစားပြိုင်ကွင်းတွင် ကျင်းပသောပွဲစဉ်၌ (က) အုပ်စုမှ အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းက သမဝါယမဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ယှဉ်ပြိုင်ကစား

ဇူလိုင် ၂၁ရက် ပွဲစဉ်များအဖြစ် နေပြည်တော်အားကစားပြိုင်ကွင်း၌ (က) အုပ်စုမှ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့အသင်း၊ နေပြည်တော်ပေါင်းလောင်း အားကစားပြိုင်ကွင်း၌ (ခ)အုပ်စုမှ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနအသင်း၊ နေပြည်တော် လယ်ဝေးအားကစားပြိုင်ကွင်း၌ (ခ)အုပ်စုမှ ရှေ့နေချုပ်ရုံးအသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး

ပညာပေးဆွေးနွေးပွဲ နောင်ချိုတွင်ကျင်းပ

နောင်ချို ဇူလိုင် ၂၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် မြို့တော်ခန်းမ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ် ပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၇ရက် မွန်းလွဲ ၁နာရီက ကျင်းပရာ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ကျောက်မဲခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်ခိုင်ဦးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ အင်အားစုစုပေါင်း ၁၅၀ခန့် တက်ရောက်ကြသည်။

ဆွေးနွေးဟောပြော

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူးက အဖွင့်ဆွေးနွေးပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာချောချောနိုင်က သွေးလွန်တုပ်ကွေးရောဂါအကြောင်း ဆွေးနွေးဟောပြောသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမင်းထွဋ်က ကျေးဇူးတင်စကားပြောကြားသည်။ **(အောက်ပုံ) (ခရိုင်ရဲတပ်ဖွဲ့)**

ပေးအပ်လှူဒါန်း

သမီး မအိရွှေစင်အားရည်စူး၍ ဦးကျော်မြင့်-ဒေါ်ခင်နွယ်နွယ် မိသားစုက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေသော လူနာများအတွက် ဆေးပဒေသာပင် ငွေကျပ် ၁၀သိန်းကို ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်နုနုသာထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ခြင်ဆေးဖျန်း

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် လားရှိုးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း အဖွဲ့ပိုင်ခြင်ဆေးဖျန်းစက်ဖြင့် ဝန်ထမ်းများ ခြင်ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဇူလိုင် ၇ရက်က ကျန်းမာရေးမှူး(၂) ဦးဉာဏ်လင်းမောင် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြန်မာနယူးစ်ဝိခ် ဂျာနယ်ထွက်ရှိ

ရန်ကုန် ဇူလိုင် ၂၀

အခွန်တံဆိပ်ကပ်နိုင်ရောင်းချခြင်းမရှိသည့် ပြည်တွင်းပြည်ပမှ အရက်နှင့် စီးကရက်များ သက်ဆိုင်ရာကဖမ်းဆီး သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂) အမှတ်စဉ်(၃၇)ကို ဖြန့်ချိလိုက်သည်။

ပြည်သူ့ရှေ့မှာ မားမားမတ်မတ်ရပ်ပြီးတော့ ကောင်းကျိုးတွေကိုဖော်ဆောင်မယ့် နိုင်ငံရေးသမားတွေကို ပြည်သူတွေမျှော်လင့်နေတယ်ဆိုတဲ့ အမျိုးသားနိုင်ငံရေး မဟာမိတ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌနှင့်တွေ့ဆုံခြင်း၊ အကြွေးစနစ်ဖြင့်ရောင်းချတဲ့ စက်မှုဇုန်ကားများကိုသတိထား နှစ်ကျပ်တိုးဆိုပေမယ့် သေချာတွက်ကြည့်၍ နောက်ဆုံးအရစ်သုံးကြိမ်၊ လေးကြိမ်တွင် တစ်လ ၁၀ရာခိုင်နှုန်း ၁၅ရာခိုင်နှုန်းတိုးအထိတွက်ယူထားကြောင်း သိရှိရ၊ ပုစဉ်းခေါင်းလိုင်စင်မဲ့ကားအစီး ၉၀နှင့်ပတ်သက်၍ ဓမ္မစေတီမင်းခေါင်းလောင်းတော်ကြီး၏ တည်နေရာနှင့် ပုံရိပ်ကိုဖမ်းယူနိုင်ပြီ၊ ခန့်မှန်းကားတန်ဖိုးစာရင်းများသည် မှန်ကန်မှု မရှိ ကားဈေးကွက်ကိုပြောင်းလဲစေရန် လီဆယ်လုပ်ကြံဖြန့်ဝေခြင်းသာဖြစ်၊ ပိုင်ရှင်ရှိသော ပန်းတစ်ပွင့်နှင့် အနေနီးခဲ့လို့ ထူးခြားဆန်းပြားမယ့် ဩဂုတ် ၂၇ရက်၊ ကြွက်မှကူးစက်တတ်သည့် အသားဝါရောဂါ၊ ထိုင်းနိုင်ငံ ချင်းမိုင်မြို့က ပစ္စည်းမဲ့ဈေး၊ ကုန်ထုတ်ညွှန်ကြားလွှာ DO ကို လက်ပြောင်းလက်လွှဲရောင်းချခွင့်မရှိ၊ ကွမ်းယာဆိုင်ခုံအောက်တွင် လသားအရွယ်ကလေးစွန့်ပစ်ထားသူကို သက်ဆိုင်ရာကစုံစမ်း၊ ဒေါက်တာအောင်ခင်ဆင့်ရဲ့ ရောဂါစုံထောက်ကြီးနှင့် နမိုးနီးယားပလိပ်၊ ကျောက်မျက်ဈေးကွက် ပိုမိုကျယ်ပြန့်စေရန် ကျောက်မျက်လုပ်ငန်းရှင်များ ဩဂုတ်လတွင်ဆွေးနွေးမည်၊ နယ်မြေကျူးကျော်ဝင်ရောက်စီးနင်း၍ သိမ်းဆည်းထားသောဆိုင်ကယ်များအား သက်ဆိုင်ရာမှ ပြန်လည်ရွေးချယ်ခွင့်ပြု၊ ကိုးမိုင်မစိုးရိမ်ကျောင်းတိုက်သို့ သာသနာပြု စပါးကြီးမြွေကြီးများရောက်၊ အီရန်နျူကလီးယားသိပ္ပံပညာရှင်အား စီအိုင်အေကို အကူအညီပေးရန်အတွက် အမေရိကန်ဒေါ်လာ ငါးသန်းပေးအပ်၊ အမေရိကန်သည် အီရန်၊ မြောက်ကိုရီးယားတို့နှင့် ပဋိပက္ခဖြစ်နေခြင်းသည် နျူကလီးယားစစ်ပွဲဖြစ်ပွားနိုင်ကြောင်း ဖီဒယ်လ်ကက်စထရိုပြောကြား၊ အီရန်နျူကလီးယားသိပ္ပံပညာရှင်သည် တီဟီရန်မှစီအိုင်အေသတင်းပေးဖြစ်ကြောင်း အမေရိကန်ပြောကြား၊ တောင်ကိုရီးယားက မြောက်ကိုရီးယားပစ်မှတ်များကို ထိမှန်နိုင်မည့် တာဝေးပစ် ခရုဇ်ဒုံးပျံများထုတ်လုပ် စသည့် နောက်ဆုံးရ ပြည်တွင်း၊ ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ်အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။

(သတင်းစဉ်)

မြိတ်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၀

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးသည် ဇူလိုင် ၁၀ရက် နံနက်ပိုင်းက မြိတ်မြို့ လေယာဉ်ကွင်းလမ်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ကန်ဖျားရပ်ကွက် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူးသည် မြိတ်တောင်ရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စက်မှုဇုန် တံတားပြုပြင်ခြင်းနှင့် ကမ်းနားလမ်း သန့်ရှင်းသာယာလှပရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် မီးသတ်အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း၊ မြိတ်လေယာဉ်ကွင်းလမ်းဆုံ သန့်ရှင်းသာယာလှပရေးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။ (သတင်းစဉ်)



ဝန်ကြီး ဦးခင်မောင်မြင့် သင်တန်းများဆင်းပွဲအခမ်းအနား တက်ရောက်

နေပြည်တော် ဇူလိုင် ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဇူလိုင် ၁၈ရက် နံနက် ၁၁နာရီခွဲက ရန်ကုန်မြို့ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ) သင်တန်းခန်းမဆောင်၌ ကျင်းပသော ဘဏ္ဍာရေးဆိုင်ရာကြီးကြပ်မှု အဆင့်(၃) (မွမ်းမံ) သင်တန်း၊ ဌာနခွဲစာရေး၊ အကြီးတန်းစာရေး၊ လစာ/စရိတ်/ ပင်စင်နှင့် ရုံးလုပ်ငန်းသင်တန်းနှင့် ပစ္စည်းထိန်း(၄) သင်တန်းများဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ဆုချီးမြှင့်

ထို့နောက် ဝန်ကြီး ဦးခင်မောင်မြင့်က သင်တန်းသုံးခုတွင် ပထမဆုရ သုံးဦး၊ ဒုတိယဆုရ သုံးဦးနှင့် တတိယဆုရ သုံးဦး စုစုပေါင်း ဆုရရှိသူ ကိုးဦးတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက သင်တန်းသုံးခုမှ သင်တန်းသား သင်တန်းသူ ၁၃၃ဦးတို့၏ ကိုယ်စား သင်တန်းခေါင်းဆောင်များထံ သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်သည်။ (သတင်းစဉ်)

မီးဘေးလုံခြုံရေး ဆောင်ရွက်

ငါန်းဇွန် ဇူလိုင် ၂၀

မန္တလေးတိုင်း မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း မီးဘေးလုံခြုံရေးအတွက် လုံခြုံရေး မီးလိုင်းနှင့် ဆိုင်ခန်းမီးလိုင်း ဆောင်ရွက်ထားရှိမှု၊ ခံနိုင်ဝန်ရှိသော လျှပ်စစ်မီးကြိုးများ ပြောင်းလဲတပ်ဆင်မှုနှင့် မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးဌာနမှူးတို့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ရတနာသိဃ်တံတားနှင့် ပုသိမ်-မုံရွာလမ်းလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးတင့်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၁၀ရက် နံနက်ပိုင်းက မုံရွာမြို့မှ ရွှေဘို-မုံရွာဖြတ်လမ်းအတိုင်းထွက်ခွာ၍ လမ်းဆုံ၌ လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ရတနာသိဃ်တံတား တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိရာ စီမံကိန်း ရှင်းလင်းဆောင်မှ တံတားတိုင်များ တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၁ရက် နံနက်ပိုင်းက မော်တော်ယာဉ်ဖြင့် မုံရွာမြို့မှ ပုသိမ်-မုံရွာ လမ်းအတိုင်း ထွက်ခွာ၍ မိုင်တိုင်အမှတ် (၄၃၃/၃)၌ လမ်းခင်းကြိတ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မိုင်တိုင်အမှတ် (၄၁၇/၁) နှင့် (၄၀၉/၆)တို့တွင် ကျောက်များခင်းနေမှု၊ မိုင်တိုင်အမှတ် (၄၀၁/၀) တွင် ကျောက်ခွဲစက်ဖြင့် ကျောက်များ ခွဲကြိတ်နေမှုနှင့် မိုင်တိုင်အမှတ်(၃၉၈/၀)တွင် ကျောက်များ ခင်းကြိတ်ပြီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီ ဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရှင်းလင်း

မန္တလေး ဇူလိုင် ၂၀

မန္တလေးတိုင်း ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီနှင့် မန္တလေးတိုင်း ဗီဒီယိုအခြေခံအဖွဲ့ခွဲတို့သည် မန္တလေးတိုင်းအတွင်း ပြည်တွင်းဗီဒီယို ထုတ်လုပ်ရေး လုပ်ငန်းရှင်များထုတ်လုပ်သည့် မြန်မာဇာတ်လမ်း၊ မြန်မာကာရာအိုကေတေးစု၊ အငြိမ့်၊ လက်ဝှေ့၊ ဇာတ်လမ်းတို၊ ဗွီစီဒီ၊ ဒီဗွီဒီများကို တရားမဝင်ကူးယူ၍ ဆင်ဆာလက်မှတ် အသေးမပါဘဲ အသုံးမပြုရေး ကိစ္စနှင့်စပ်လျဉ်း၍ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ လုပ်ထုံးလုပ်နည်းများအရ ထိရောက်စွာ ပြစ်ဒဏ်များချမှတ်နေကြောင်း အသိပညာပေးရှင်းလင်းပွဲကို ဇူလိုင် ၁၀ရက် နံနက် ၁၀နာရီက မြန်မာ့ရုပ်ရှင်လုပ်ငန်းအထက်မြန်မာနိုင်ငံရုံးခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အသိပေးရှင်းလင်း

အဆိုပါ ရှင်းလင်းပွဲတွင် မန္တလေးတိုင်း ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေး ကော်မတီ အတွင်းရေးမှူး ဦးကျော်ဝင်းနှင့် မန္တလေးတိုင်း ဗီဒီယိုအခြေခံအဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမိုးကျော်ထွန်းတို့က ဗီဒီယိုလုပ်ငန်းဆိုင်ရာများ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ လုပ်ထုံးလုပ်နည်းများကို တက်ရောက်လာကြသော မန္တလေးတိုင်းအတွင်းရှိ မြို့နယ်ဗီဒီယို အခြေခံအဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များသို့ အသိပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။ **(အောက်ဝဲပုံ)** **(မြန်မာ့အလင်း)**

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၀

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၂၆)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉လမ်းထောင့်) Central Tower ပထမထပ်ရှိ Swesone Media Groupမှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ နိုင်ငံရေးပါတီများ အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်ခဲ့ကြ၊ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာသို့ ပထမဆုံးအကြိမ် တိုက်ရိုက်ပျံသန်းမည်၊ ကျပ်ငါးသိန်းတန် CDMA-800 MHz ဖုန်းကို နေရာအနှံ့ သယ်ယူဆက်သွယ်နိုင်ပြီ၊ လေဆင်နှာမောင်းကြောင့် တဲအိမ်နှင့်အတူ လူလွင့်ပါသွားသော်လည်း အသက်မသေ၊ သီရိမင်္ဂလာဈေးသစ် ဩဂုတ်လတွင်တည်ဆောက်ပြီးစီးမည်၊ ရန်ကုန်မြို့ စက်မှုဇုန်များတွင် ရွှေပြည်သာ စက်မှုဇုန်မြေကွက်များ ဈေးအမြင့်ဆုံးဖြစ်လာ၊ အင်တာနက်ပေါ်တွင် လုပ်ငန်းများ တည်ထောင်ရန် နေရာအခမဲ့ပေးမည်၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ၄၅၈မှတ်နှင့် အထက်ရရှိသူများ စင်ကာပူတွင် သုံးနှစ်ပညာသင်ဆု လျှောက်ထားနိုင်၊ သိမ်းဆည်းထားသော ဆိုင်ကယ်များ လိုင်စင်အထောက်အထားဖြင့် ပြန်လည်ထုတ်ပေးလျက်ရှိ၊ စက်သုံးဆီဆိုင်များ ပုဂ္ဂလိကပိုင်ပြုပြီးနောက် ပထမဆုံးအကြိမ် Octane ဓာတ်ဆီဈေးနှုန်းကျဆင်း၊ ဘာရိန်းနှင့် UAE နိုင်ငံတို့က မြန်မာဟိုတယ်ဝန်ထမ်း ၂၇၀ခေါ်မည်၊ သိုးမွှေးပွေးအဆိပ်ဖြေဆေးထုတ်လုပ်နိုင်ပြီ၊ ချစ်ခြင်းမေတ္တာသင်္ကေတ တပ်ဂျ်မဟာအလှထာဝရ၊ မြန်မာ ၂၂ဦးပါဝင်သည့် ဓာတုဗေဒသင်္ဘောတစ်စင်း မလေးရှားရေပိုင်နက်အတွင်း မီးလောင်ကာ သင်္ဘောသားတစ်ဦးပျောက်ဆုံး၊ မြောက်ကိုရီးယား ရုပ်ရှင်ပွဲတော်တွင် မြန်မာမှ အတိတ်၏အရိပ် ဇာတ်ကားတစ်ကားသာ ပြသခွင့်ရ၊ လိုင်းကားပေါ်တွင် ခါးပိုက်နှိုက်၍ လူသတ်သွားသည့် တရားခံသုံးဦးကို ဖမ်းဆီးရမိ၊ သုံးဆယ်မြို့မှ ဆရာတော်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်သူများပြားနေ၊ အိုစမာဘင်လာဒင် သက်ရှိထင်ရှား ရှိနေဆဲဖြစ်ကြောင်း သားဖြစ်သူပြောကြား၊ သစ်ပင်များ၌ မှတ်ဉာဏ်ရှိကြောင်း ဖော်ထုတ်တွေ့ရှိ၊ ကမ္ဘာ့ကုန်သွယ်ရေးအဆောက်အအုံနေရာ၌ ၁၈ရာစုက သင်္ဘောတစ်စင်း မြုပ်နေသည်ကိုတွေ့ရှိ၊ ကမ္ဘာ့ဖလားဘောလုံးပွဲ၏ စုပါစတားရောဘဲပေါလ်ကို ဝယ်ယူလိုသူများပြားနေ၊ စွန့်ပစ်ပလတ်စတစ်ပုလင်းများဖြင့် ပြုလုပ်ထားသော သင်္ဘောနှင့် သမုဒ္ဒရာကို ဖြတ်ကူး၊ အမျိုးသမီးများသည် အသက် ၃၁နှစ်အရွယ်တွင် အလှဆုံးဖြစ်ဟုဆို၊ ရှောင်လင်သိုင်းပညာနှင့် ဘောလုံးအားကစားပေါင်းစပ်၊ ကမ္ဘာ့ဈေးအကြီးဆုံးမြို့ကြီး ၁၀မြို့၊ အမေရိကန်က ပြန်ပေးဆွဲခဲ့သည့် အီရန်ဗျူကလီးယားပညာရှင် ပါကစ္စတန်သံရုံးသို့ရောက်လာ၊ ဇင်ဘာဘွေသမ္မတက ကမ္ဘာ့စိန်ဈေးကွက်ကို မှောက်လှန်ပစ်မည်ဟု ခြိမ်းခြောက်၊ စတီဖင်ဟော့ကင်းက ဂြိုဟ်သားများ၏ ပုံသဏ္ဌာန်များကို ဖော်ထုတ်ပြသ···· စသည့်စိတ်ဝင်စားဖွယ် သတင်းများနှင့် ပါဝင်နေကျ ကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင်အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းရှာဖွေရေး တာချီလိတ်ခရိုင်၌ ကွင်းဆင်းဆောင်ရွက်

တာချီလိတ် ဇူလိုင် ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနသည် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းစီမံကိန်းများဖြစ်သော အပြင်းစားကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အမြစ်ပြတ်ချေမှုန်းရေး မြှင့်တင်ဆောင်ရွက်မှု လုပ်ငန်းစီမံကိန်းနှင့် ကြက်ငှက်တုပ်ကွေးနှင့် ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစီမံကိန်းများကို ၂၀၀၉ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၀ ခုနှစ် ဇန်နဝါရီလအတွင်း ဆောင်ရွက်ခဲ့သည်။

ကွင်းဆင်းဆောင်ရွက်

ဆက်လက်ပြီး တာချီလိတ်ခရိုင်အတွင်း ဘဲများတွင် ကြက်ငှက်တုပ်ကွေးရောဂါပိုးလည်ပတ်နေမှုနှင့် ကူးစက်ပြန့်ပွားနိုင်မှုတို့ သိရှိနိုင်ရန်အတွက် ရောဂါစူးစမ်းရှာဖွေခြင်း၊ ကူးစက်ရောဂါစူးစမ်းထောက်လှမ်းခြင်း၊ သွေးရည်ကြည်နှင့် တို့ဖတ် နမူနာများရယူပြီး ဓာတ်ခွဲခန်းများသို့ ပို့ဆောင်ခြင်းလုပ်ငန်းများကို ဇူလိုင်လမှစတင်ပြီး ဒီဇင်ဘာလအထိ စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဇူလိုင်၇ရက်က ဟသ္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဗိုလ်မြတ်ထွန်းလမ်း ပြုပြင်ခြင်းလုပ်ငန်းကို လက်ထောက်အင်ဂျင်နီယာ ဒေါ်ခင်မြတ်မွန်နှင့်အဖွဲ့ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

✻ ရှေ့ဖုံးမှ

ဦးလေးလှကား ပို့ဆောင်ရေး ဝန်ကြီးဌာနမှ အငြိမ်းစားဝန်ထမ်း ဖြစ်ပြီး ဗဟုသုတလည်း ပြည့်စုံကာ နှံ့နှံ့စပ်စပ်လည်း သိသူဖြစ်သည်။ ဦးလေးလှက ရောက်ရောက်ချင်းပင် -

ဦးလေးလှ ॥ ॥ ဘာတွေများစဉ်းစားနေတာလဲ၊ သတင်းစာတွေလဲ ရှေ့မှာ ချထားလို့ပါလား။

ကျွန်တော် ॥ ॥ ဟုတ်တယ် ဦးလေးလှ၊ အခုသတင်းစာတွေမှာ ဖော်ပြထားတဲ့ကဏ္ဍပေါင်းစုံက တိုးတက်ဖွံ့ဖြိုးလာမှုတွေ ကြည့်ရင်း ၁၉၈၈ဝန်းကျင်အခြေအနေနဲ့ နှိုင်းယှဉ်ပြီး စဉ်းစားနေမိတာပါ။ ဦးလေးလှက ရှေ့မီနောက်မီ ဆိုတော့ သိသလောက် ပြောပြစမ်းပါဦး။

ဦးလေးလှ ॥ ॥ တို့နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုကတော့ ဘက်စုံကဏ္ဍစုံမှာ အားရစရာပါပဲကွာ။ ငါ တာဝန်ထမ်းဆောင်ခဲ့တဲ့ ပို့ဆောင်ရေးကဏ္ဍကိုကြည့်ရင်ကိုပဲ အများကြီး ပြောင်းလဲတိုးတက်လာတာ အမှန်ပဲဟေ့။ ပို့ဆောင်ရေးကဏ္ဍရဲ့ လေကြောင်းကဏ္ဍမှာဆိုရင် ၁၉၈၈ခုနှစ်မတိုင်မီ အခြေအနေက နိုင်ငံတစ်ဝန်းလုံး လေယာဉ်ကွင်း ၆၆ကွင်းပဲ ရှိခဲ့တယ်။ ဒါက လေယာဉ်ဆင်း/တက်နိုင်တဲ့ လေယာဉ်ကွင်းတွေဆိုရပေမယ့် တကယ်တမ်းမှာတော့ လေယာဉ်ကြီးတွေ ဆင်း/တက်နိုင်တဲ့အဆင့် မရှိခဲ့ဘူး။ အဲဒီတုန်းက ရန်ကုန်မင်္ဂလာဒုံအပြည်ပြည်ဆိုင်ရာလေဆိပ်၊ မန္တလေး ချမ်းမြသာစည် လေဆိပ်တွေလောက်ပဲ လေယာဉ်ကြီးတွေ ဆင်း/တက်နိုင်တဲ့အဆင့်ရှိတယ်လို့ ပြောရမှာပါ။ ဒါပေမယ့်လည်း အဲဒီလေယာဉ်ကွင်းတွေဟာ တကယ်တမ်းမှာ နိုင်ငံတကာခရီးသည်တင် လေယာဉ်ကြီးတွေ စိတ်ချလက်ချ ဆင်းနိုင်တက်နိုင်အောင် စံချိန်စံညွှန်းမီတဲ့ အဆင့်မရှိဘူးလို့ ပြောရင်လည်းရပါတယ်။

ကျွန်တော် ॥ ॥ ဒါဆိုရင် ပြည်တွင်းပြည်ပ လေကြောင်းခရီးစဉ်တွေဟာ ဒီကွင်းတွေမှာ သွားလာပျံသန်းမှုရှိရဲ့လား။

ဦးလေးလှ ॥ ॥ ရှိတာပေါ့။ ဒါပေမယ့် တွင်တွင်ကျယ်ကျယ်တော့ မလုပ်နိုင်ခဲ့ဘူး။ ရန်ကုန်-စစ်တွေ၊ ရန်ကုန်-မန္တလေး စတဲ့ လေယာဉ်ခရီးစဉ်တွေလောက်ပဲ ခရီးသည်များတာပါ။ ဒါက ပြည်တွင်းခရီးစဉ်ပါ။ အဲဒီအချိန်က ပြည်တွင်းခရီးစဉ်တွေမှာ ဖော်ကာလေယာဉ်တွေနဲ့ပဲ ပျံသန်းပေးခဲ့တယ်။ ပြည်ပခရီးစဉ်အနေနဲ့လည်း ရန်ကုန်-ဗန်ကောက် ခရီးစဉ်တစ်ခုတည်းကိုပဲ ဦးစားပေးပျံသန်းခဲ့တာမို့ ပြည်ပခရီးသည် ဝင်ထွက်မှုက ပုံမှန်အနေအထားထက် မပိုခဲ့ဘူးလို့ ဆိုရမှာပေါ့။

ကျွန်တော်က ဦးလေးလှကို ကြည့်နေမိသည်။ တွေးတွေးဆဆ ပြောနေသော ဦးလေးလှက ပြည်တွင်းပြည်ပ လေကြောင်းပို့ဆောင်ရေး တိုးတက်ဖြစ်ထွန်းမှု နည်းပါးခဲ့ခြင်းအပေါ် ပြန်ပြောင်း သတိရဟန်ဖြင့် အဝေးသို့ ငေးကြည့်နေသည်။ သူတာဝန်ထမ်းဆောင်ခဲ့သော ပို့ဆောင်ရေး ပြည်သူ့ဝန်ထမ်းဘဝကို သတိရနေသည့်နှယ်။

ကျွန်တော် ॥ ॥ ဒါထက် ၁၉၈၈ခုနှစ် နောက်ပိုင်းအခြေအနေကိုလည်း ပြောပြပါဦး။ ပို့ဆောင်ရေးကဏ္ဍမှာ တိုးတက်မှုရှိရဲ့လား။

ဦးလေးလှ ॥ ॥ ရှိပြီကောမောင်ရာ။ ၁၉၈၈ခုနှစ် နောက်ပိုင်းမှာ တပ်မတော်အစိုးရဟာ တစ်နိုင်ငံလုံးမှာ နေရာအနှံ့ လေယာဉ်ကွင်းသစ်တွေ တည်ဆောက်ခဲ့တယ်။ ပြေးလမ်း ပေ ၁၀၀၀၀ အထက် လေယာဉ်ကွင်းသစ် သုံးကွင်း တည်ဆောက်ပေးခဲ့ပြီး ယခင်ကွင်းဟောင်း ရှစ်ကွင်းကို ပေ ၁၀၀၀၀အထက် ဖြစ်လာအောင် တိုးချဲ့တည်ဆောက်ပေးခဲ့တာကြောင့် ယခုဆိုရင် ပေ ၁၀၀၀၀ အထက် လေယာဉ်ကွင်းပေါင်း ၁၁ကွင်း အထိရှိလာခဲ့ပြီဖြစ်တယ်။ ဒ့ါအပြင် ပေ၅၀၀၀ အထက် လေယာဉ်ကွင်းပေါင်း ၂၇ ကွင်းအထိ ရှိလာအောင် လေယာဉ်ကွင်းအဟောင်းတွေကိုလည်း အဆင့်မြှင့်တင်ပေးခဲ့တယ်။ ဒါကြောင့်မို့ အခုဆိုရင် မြန်မာနိုင်ငံမှာ လေယာဉ်ကွင်းပေါင်း ၆၉ကွင်းရှိနေပြီပေါ့။ နိုင်ငံတကာ အဆင့်မီ လေဆိပ်တွေအနေနဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်တွေကို တည်ဆောက်အဆင့်မြှင့်တင်ပေးထားသလို အခုဆိုရင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်ကိုပါ တည်ဆောက်နေပြီဖြစ်တယ်။ ဒ့ါအပြင် ပြင်ဦးလွင်မှာရှိတဲ့ အနီးစခန်း လေဆိပ်၊ ဘုတ်ပြင်းလေဆိပ်၊ ကျောက်ထုလေဆိပ်၊ ပခုက္ကူလေဆိပ် စတဲ့လေဆိပ်သစ်တွေကိုလည်း တည်ဆောက်ပေးခဲ့တယ်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရဲ့ ကတ္တရာပြေးလမ်း အရှည်ဟာ ပေ ၁၂၀၀၀ ရှိတဲ့အပြင် အကျယ်က ပေ ၂၀၀ ကျယ်တယ်။ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်က ကွန်ကရစ်ပြေးလမ်းအရှည် ပေ ၁၄၀၀၀ ရှိပြီး အကျယ်ပေ ၂၀၀ ရှိတယ်။ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ရဲ့

ပြည်တွင်း ပြည်ပ လေကြောင်းခရီးစဉ်များဖြင့် အဆင့်အတန်း မြင့်မြင့် သွားလာနိုင်ကြစေရန် ပို့ဆောင်ရေးကဏ္ဍမှ တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနေသော နိုင်ငံတကာအဆင့်မီ တည်ဆောက်ထားသည့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်....။

နိုင်ငံတော်အတွင်း လေကြောင်းခရီးစဉ်များ အဆင်ပြေချောမွေ့စေရန်အတွက် နယ်စပ်ဒေသရှိ တာချီလိတ်လေဆိပ်အဆောက်အအုံကို ဤသို့ ခံ့ညားစွာတွေ့ရသည်။

ပြေးလမ်းဟာ ကမ္ဘာပေါ်မှာ ဒုတိယအရှည်ဆုံးပြေးလမ်း ဖြစ်ပြီး အရှေ့တောင်အာရှမှာတော့ အရှည်ဆုံး။ လေယာဉ်ပြေးလမ်းပေါ့ ငါ့တူရာ။ ဘယ်လောက် ဂုဏ်ယူစရာကောင်းလဲ။

ကျွန်တော် ॥ ॥ သိပ်မှန်တာပေါ့ ဦးလေးလှရာ။ ဒါနဲ့ လေယာဉ်ပြေးဆွဲပျံသန်းမှုနဲ့ ခရီးစဉ်တွေကော ဦးလေးလှသိရင် ပြောပြပါဦး။ ခရီးသည် စီးနင်းလိုက်ပါမှုအခြေအနေရောပေါ့။

ဦးလေးလှ ॥ ॥ နိုင်ငံတော်က ပြည်တွင်းပြည်ပ လေကြောင်းခရီးစဉ် ပျံသန်းရေးဖွံ့ဖြိုးဖို့အတွက် နိုင်ငံတော်အပိုင်းနဲ့ ပုဂ္ဂလိကအပိုင်းတွေကို ဟန်ချက်ညီ တွန်းအားပေးခဲ့တယ်လေ။ ဒါကြောင့် နိုင်ငံတော်ပိုင် မြန်မာ့လေကြောင်းက ခရီးသည် ၈၅ဦးစီးနဲ့ ခရီးသည် ၄၄ဦးစီးနိုင်တဲ့ ဖော်ကာလေယာဉ်တွေနဲ့ ပြည်တွင်းခရီးစဉ်တွေဖြစ်တဲ့ ရန်ကုန်-မန္တလေး၊ ရန်ကုန်-စစ်တွေ၊ ရန်ကုန်-ဟဲဟိုး၊ ရန်ကုန်-ကျိုင်းတုံ စတဲ့ ခရီးစဉ်တွေကို နေ့စဉ်ပြေးဆွဲနေတယ်။ ကျန်တဲ့ လေယာဉ် ခရီးစဉ်ပေါင်း (၂၅)ခုကိုလည်း ရက်သတ္တပတ်ကို ၅ရက်၊ ၄ရက်၊ ၃ရက် စသည်ဖြင့် ပုံမှန်ပြေးဆွဲပေးနေတယ်။ ဒ့ါအပြင် ပုဂ္ဂလိကလေကြောင်းလိုင်းတွေကိုလည်း ခွင့်ပြုပေးနိုင်ခဲ့လို့ အခုဆိုရင် အဲပုဂံ၊ အဲရန်ကုန်၊ အဲမန္တလေး စတဲ့လေကြောင်းလိုင်းတွေက ပြည်တွင်းခရီးစဉ်ပေါင်းများစွာကို ပျံသန်းပြေးဆွဲနေကြပြီလေ။ ဒါကြောင့် ပြည်တွင်းခရီးစဉ်တွေမှာ ခရီးသွားပြည်သူတွေ နေ့စဉ်ထောင်နဲ့ချီပြီး အေးချမ်းသက်သာလုံခြုံစွာ သွားလာနေကြပြီ။ ဝမ်းသာစရာပါပဲ။ ပြည်ပလေကြောင်းခရီးစဉ်တွေဆိုရင်လည်း မြန်မာ့လေကြောင်းက ရန်ကုန်-ဗန်ကောက်၊ ရန်ကုန်-စင်ကာပူ၊ ရန်ကုန်-ကွာလာလမ်ပူ၊ ရန်ကုန်-ဂါယာ(အိန္ဒိယ) စတဲ့ခရီးစဉ်တွေကို နေ့စဉ်ပျံသန်းပေးနေကြတဲ့အပြင် ပုဂ္ဂလိကလေကြောင်းလိုင်းဖြစ်တဲ့ အဲပုဂံက ရန်ကုန်-စင်ကာပူ၊ ရန်ကုန်-ဗန်ကောက်၊ အဲမန္တလေးက ရန်ကုန်-ချင်းမိုင်တို့သို့ ပြေးဆွဲနေပြီဖြစ်တယ်။ ဒ့ါအပြင် နိုင်ငံတကာ လေကြောင်းလိုင်းတွေက ခရီးသည်လေယာဉ်တွေလည်း စဉ်ဆက်မပြတ် ဆိုက်ရောက်နေတာမို့ ပြည်ပလေကြောင်း ခရီးသွားပြည်သူတွေအတွက် အဘက်ဘက်က အဆင်ပြေအောင် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးနေတာ ထင်ရှားတယ်ဟော့။ ပြည်တွင်းပြည်ပ ခရီးသည်တွေလည်း လေကြောင်းခရီးစဉ်တွေကိုပဲ အားကိုးအားထား လိုက်ပါစီးနင်းနေကြလို့ တစ်နေ့တခြား ခရီးသည်တိုးတက်များပြားလာနေတာပေါ့။

ကျွန်တော်ပြည်တွင်းခရီးစဉ်များကို လေယာဉ်ဖြင့်သွားသည့်အခါတိုင်း ခရီးသည်အပြည့်ဖြစ်နေတာချည်း ကြုံတွေ့ခဲ့ရသည်။ လေယာဉ်ခရီးလိုင်းများ တိုးတက်လာသလို ပြည်သူများ လေကြောင်းခရီးစဉ်ဖြင့် အချိန်တိုအတွင်း သွားလာနိုင်မှုများ၊ လေကြောင်းခရီး အဆင်ပြေချောမွေ့မှုနှင့် တည်ငြိမ်အေးချမ်းမှုတို့ကြောင့် နယ်စပ်ဒေသလေဆိပ်များဖြစ်သည့်

ကျိုင်းတုံ၊ တာချီလိတ်၊ ဟဲဟိုးတို့တွင် ပြ
ကိုလည်း အများအပြား တွေ့မြင်ရလေ့ရှိသည်။
အောင်မြင်မှု ပုံရိပ်များပင်ဖြစ်သည်။

ကျွန်တော် ॥ ॥ ရေကြောင်းပို့ဆောင်ရေးအ
ပါဦး။

ဦးလေးလှ ॥ ॥ ပြည်တွင်းရေကြောင်းပို့ဆော
ရရင်တော့ ၁၉၈၈ခုနှစ်မတိုင်
ခရီးစဉ်တွေအဖြစ် မြန်မာနိုင်ငံ
ဧရာဝတီ၊ ချင်းတွင်း၊ စစ်တေ
ဂျိုင်းမြစ်၊ အတ္ထရံမြစ် စ
ပြည်တွင်းရေကြောင်း ရေ
ရေယာဉ်အမျိုးအစားတွေက
ရေယာဉ်အစုံပါပဲ။ ခရီးသ
ရေယာဉ်၊ ခရီးသည်နဲ့ ကုန်တ
တွန်းရေယာဉ်တွေကို အသုံး
နိုင်ငံတော်ပိုင် ရေယာဉ်စုစုပေါ
အထူးသဖြင့် ဧရာဝတီမြစ်
ရေကြောင်းခရီးစဉ်တွေ ပိုမျ

ကျွန်တော်။ ॥ အဲဒီအချိန်က ပြည်ပကရေ
ရှိခဲ့လား။ ခရီးသည်တွေစီးနင်း
အခြေအနေကောင်းမွန်ခဲ့လား

ဦးလေးလှ။ ॥ ပြည်ပက ရေယာဉ်သစ် ဝယ်
တယ်။ နိုင်ငံတော်ပိုင်ရေယာဉ်
ခဲ့ကြတာပါပဲ။ ဒလသင်္ဘော
စစ်တွေသင်္ဘောကျင်း၊ ရတနာ
သင်္ဘောကျင်း စတဲ့သင်္ဘောက
ကို ပြုပြင်ထိန်းသိမ်းပြီး သုံးရ
ပို့ဆောင်ရေးဟာ အဲဒီအချိန်အ
ဆိုနိုင်တာပေါ့။

ကျွန်တော် ॥ ॥ ၁၉၈၈ခုနှစ်နောက်ပိုင်းရဲ့ ထူး
ပြောပြပါဦး။

ဦးလေးလှ ॥ ॥ ၁၉၈၈နောက်ပိုင်းမှာ ပြည်
"ပို့ဆောင်ခြင်းဖြင့် စီးပွားမြ
အတိုင်း အကွက်ကျကျ စီမံခ
ရေယာဉ်တွေ ပြေးဆွဲခုတ်
တိုးတက်အောင်လည်း ကြ
ဆိပ်ခံအသစ်တွေ၊ ဆိပ်က
တည်ဆောက်ပေးနိုင်ခဲ့သလို

မြန်မာနိုင်ငံ ကမ်းရိုးတန်းသွား ကုန်တင်သင်္ဘောတစ်စင်းအား ရန်ကုန်ဆိပ်ကမ်းအနီး ကျောက်ချ ရပ်နားထားသည်ကို တွေ့ရစဉ်။

တန်ချိန် ၃၀၀၀ကျော်ရှိ သင်္ဘောကြီးများအား လွန်းတင်ပြင်ဆင်ပေးနိုင်သည့် ရန်ကုန်မြို့ အလုံ သင်္ဘောကျင်းကလည်း ရေယာဉ်များ ကြံ့ခိုင်ရေးနှင့် အသစ်တည်ဆောက်ရေးလုပ်ငန်းများကို အချိန်ပြည့် ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းရေကြောင်းသွားလာရေးအတွက် ပြည်သူများ အဆင်ပြေစေရန် ဤသို့ ခရီးသည်တင်သင်္ဘောများဖြင့် နေ့စဉ် မြစ်ကြောင်းများတစ်လျှောက် ပြေးဆွဲပေးလျက်ရှိသည်။

ကျိုင်းတုံ၊ တာချီလိတ်၊ ဟဲဟိုးတို့တွင် ပြည်ပခရီးသွားဧည့်သည်များကိုလည်း အများအပြား တွေ့မြင်ရလေ့ရှိသည်။ လေကြောင်းပို့ဆောင်ရေး အောင်မြင်မှု ပုံရိပ်များပင်ဖြစ်သည်။

ကျွန်တော် ။ ။ ရေကြောင်းပို့ဆောင်ရေးအခြေအနေကိုလည်း ပြောပြပါဦး။

ဦးလေးလှ ။ ။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအပိုင်းကို ပြောပြရရင်တော့ ၁၉၈၈ခုနှစ်မတိုင်မီက ပြည်တွင်းရေကြောင်းခရီးစဉ်တွေအဖြစ် မြန်မာနိုင်ငံရဲ့ အဓိကမြစ်ကြီးတွေဖြစ်တဲ့ ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်၊ ကုလားတန်၊ ဂျိုင်းမြစ်၊ အတ္တရံမြစ် စတဲ့မြစ်ကြောင်းတွေပေါ်မှာပဲ ပြည်တွင်းရေကြောင်း ရေယာဉ်တွေပြေးဆွဲခဲ့တာပါ။ ရေယာဉ်အမျိုးအစားတွေကတော့ စက်ရှိရေယာဉ်နဲ့ စက်မဲ့ရေယာဉ်အစုံပါပဲ။ ခရီးသည်တင်ရေယာဉ်၊ ကုန်တင်ရေယာဉ်၊ ခရီးသည်နဲ့ ကုန်တင်ရေယာဉ်၊ တွဲဆွဲရေယာဉ်နဲ့ တွန်းရေယာဉ်တွေကို အသုံးပြုခဲ့တာပေါ့။ အဲဒီအချိန်က နိုင်ငံတော်ပိုင် ရေယာဉ်စုစုပေါင်း ၄၀၀ လောက်ရှိခဲ့တယ်။ အထူးသဖြင့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွေမှာပဲ ရေကြောင်းခရီးစဉ်တွေ ပိုများခဲ့တယ်။

ကျွန်တော်။ ။ အဲဒီအချိန်က ပြည်ပကရေယာဉ်အသစ်တွေ ဝယ်ယူမှုရှိခဲ့လား။ ခရီးသည်တွေစီးနင်းလိုက်ပါမှုနဲ့ ကုန်တင်မှုတွေ အခြေအနေကောင်းမွန်ခဲ့လား။

ဦးလေးလှ။ ။ ပြည်ပက ရေယာဉ်သစ် ဝယ်ယူမှုတွေရှိခဲ့ပေမယ့် နည်းပါတယ်။ နိုင်ငံတော်ပိုင်ရေယာဉ်တွေကို ပြုပြင်ပြီး အသုံးပြုခဲ့ကြတာပါပဲ။ ဒလသင်္ဘောကျင်း၊ အလုံသင်္ဘောကျင်း၊ စစ်တွေသင်္ဘောကျင်း၊ ရတနာပုံသင်္ဘောကျင်း၊ ဆင်မလိုက်သင်္ဘောကျင်း စတဲ့သင်္ဘောကျင်းတွေမှာပဲ ရေယာဉ်တွေကို ပြုပြင်ထိန်းသိမ်းပြီး သုံးရတာမို့ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဟာ အဲဒီအချိန်အခါက ပုံမှန်ထက်မပိုခဲ့ဘူးဆိုနိုင်တာပေါ့။

ကျွန်တော် ။ ။ ၁၉၈၈ခုနှစ်နောက်ပိုင်းရဲ့ ထူးခြားတဲ့အခြေအနေတွေလည်း ပြောပြပါဦး။

ဦးလေးလှ ။ ။ ၁၉၈၈နောက်ပိုင်းမှာ ပြည်တွင်းပို့ဆောင်ရေးကဏ္ဍကို ''ပို့ဆောင်ခြင်းဖြင့် စီးပွားမြှင့်တင်'' ဆိုတဲ့ ဆောင်ပုဒ်အတိုင်း အကွက်ကျကျ စီမံဆောင်ရွက်ခဲ့တယ်။ ပြည်တွင်းရေယာဉ်တွေ ပြေးဆွဲခုတ်မောင်းမှု အရှိန်အဟုန်မပျက်တိုးတက်အောင်လည်း ကြိုးစားလုပ်ဆောင်ခဲ့တယ်။ ဆိပ်ခံအသစ်တွေ၊ ဆိပ်ကမ်းဘောတံတားအသစ်တွေ တည်ဆောက်ပေးနိုင်ခဲ့သလို ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှာ ရေလမ်းခရီးစဉ်အသစ်တွေ ပြေးဆွဲစေခဲ့တယ်။ ၁၉၉၂ ခုနှစ်မတိုင်မီအထိ ရေယာဉ်အစင်းရေလည်း စုစုပေါင်း ၅၀၀နီးပါးအထိ တိုးချဲ့ဖြည့်ဆည်းပေးနိုင်ခဲ့တာဆိုတော့ တော်ရုံကြိုးစား ဆောင်ရွက်ပေးမှုမှ မဟုတ်ဘဲ။ ပြည်တွင်းရေကြောင်းသွားလာရေး အဆင်ပြေစေဖို့ ၁၉၉၂ ခုနှစ် ဝန်းကျင်မှာ တရုတ်နိုင်ငံက စက်ရေယာဉ် ၁၄စင်းနဲ့ စက်မဲ့ရေယာဉ် ၂၈စင်းကို ဝယ်ယူဖြည့်ဆည်းခဲ့တယ်။ ဒါ့အပြင် ဒုတိယအကြိမ်အနေနဲ့ စက်ရေယာဉ်အစင်း ၃၀၊ တတိယအကြိမ်အနေနဲ့ ရေယာဉ်စက်ပစ္စည်းတွေနဲ့ စတုတ္ထအကြိမ်ရေယာဉ် အင်ဂျင်စက်ကြီး ၁၁၂လုံး အပါအဝင် အရန်ပစ္စည်းတွေကို ဝယ်ယူဖြည့်ဆည်းပေးခဲ့တယ်။ ဒီလို ဖြည့်ဆည်းပေးခဲ့လို့ ကုန်တင်နဲ့ ခရီးသည်တင် ရေယာဉ်တွေဟာ ပြည်တွင်းရေကြောင်းခရီးစဉ်တွေမှာ နေ့စဉ် အစုန်နဲ့အဆန် ခုတ်မောင်းသွားလာနေကြတာပေါ့။ အခုဆိုရင် ရေယာဉ်အစင်းပေါင်း ၆၀၀ ခန့် ရှိနေပြီလို့ သိရတယ်။ ဒါကြောင့် ပြည်တွင်းရေကြောင်းခရီးမှာ ခရီးစဉ်ပေါင်း (၆၂)ခုကို ပြေးဆွဲပေးနေပြီး နှစ်စဉ်သွားလာနေကြတဲ့ ခရီးသည်ဦးရေဟာ ၂၅သန်းကျော်အထိ ရှိနေပြီဖြစ်တယ်။ ကုန်တန်ချိန်ဆိုရင်လည်း တစ်နှစ်ပျမ်းမျှ တန်ချိန် သုံးသန်းကျော်အထိ တင်ပို့ပေးနိုင်ခဲ့ပြီပေါ့ကွာ။

မြန်မာနိုင်ငံ ကမ်းရိုးတန်းသွား ကုန်တင်သင်္ဘောတစ်စင်းအား ရန်ကုန်ဆိပ်ကမ်းအနီး ကျောက်ချ ရပ်နားထားသည်ကို တွေ့ရစဉ်။

တန်ချိန် ၃၀၀၀ကျော်ရှိ သင်္ဘောကြီးများအား လွန်းတင်ပြင်ဆင်ပေးနိုင်သည့် ရန်ကုန်မြို့ အလုံသင်္ဘောကျင်းကလည်း ရေယာဉ်များ ကြံ့ခိုင်ရေးနှင့် အသစ်တည်ဆောက်ရေးလုပ်ငန်းများကို အချိန်ပြည့် ဆောင်ရွက်ပေးလျက်ရှိသည်။

ကျွန်တော်။ ။ ပင်လယ်ရေကြောင်းပို့ဆောင်ရေးနဲ့ ပတ်သက်ပြီး မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းလည်း ရှိတယ်နော်။ အဲဒီအကြောင်းလည်း ပြောပြပါဦး။

ဦးလေးလှ။ ။ အေးဟုတ်တယ်။ တကယ်တော့ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းဆိုတာ တပ်မတော်အစိုးရလက်ထက်ရောက်မှ အမည်ပြောင်းခဲ့တာ။ မူလအစက ဗမာ့ကြယ်ငါးပွင့်သင်္ဘောကုမ္ပဏီလီမိတက်အနေနဲ့ ၁၉၅၉ ခုနှစ် ဖေဖော်ဝါရီ ၅ရက်မှာ စတင်ဖွဲ့စည်းခဲ့တာပါ။ အဲဒီအချိန်က နိုင်ငံခြားသွား သင်္ဘောငါးစင်း၊ ကမ်းရိုးတန်းသွား သင်္ဘောနှစ်စင်းနဲ့ စတင်ခဲ့တယ်။ ၁၉၆၄ခုနှစ် ဖေဖော်ဝါရီ ၁၀ရက်မှာ မြန်မာနိုင်ငံ ကြယ်ငါးပွင့် သင်္ဘောကော်ပိုရေးရှင်းအမည်နဲ့ ပြန်လည်ဖွဲ့စည်းခဲ့ပြီး ၁၉၇၂ခုနှစ် မတ် ၁၅ရက်မှာတော့ ကြယ်ငါးပွင့် သင်္ဘောကော်ပိုရေးရှင်းအဖြစ် သင်္ဘောစုစုပေါင်း ၁၄စင်းနဲ့ ပြေးဆွဲပေးခဲ့တယ်လေ။ ၁၉၈၉ ခုနှစ် ဧပြီ ၁ရက်မှာ မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းလို့ အမည်ပြောင်းပြီး နိုင်ငံခြားသွားသင်္ဘော ၁၆စင်းနှင့် ကမ်းရိုးတန်းသွား သင်္ဘော ၉စင်း စုစုပေါင်း ၂၅စင်းနှင့် ပြေးဆွဲပေးခဲ့တယ်။ ၁၉၈၈ခုနှစ် မတိုင်မီကထက် သင်္ဘော ၁၁စင်း တိုးမြှင့်ဖြည့်ဆည်းပေးနိုင်ခဲ့လို့ စွမ်းဆောင်မှု အများကြီးမြင့်တက်ခဲ့တာပေါ့။

ကျွန်တော်။ ။ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောတွေက ဘယ်လိုခရီးစဉ် တွေနဲ့ ကုန်တန်ချိန်ဘယ်လောက်အထိ ပြေးဆွဲခဲ့တာတွေကော သိရင်ပြောပြပေးပါဦး။ *စာမျက်နှာ ၁၀ ကော်လံ ၁*

ဆက်လက်ဆောင်ရွက်ဆဲ အပြည်ပြည်ဆိုင်ရာ နေပြည်တော်လေယာဉ်ကွင်းစီမံကိန်း

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	**နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်းအဆင့်(၁)**	
	- လက်ရှိပြေးလမ်းနှင့်အပြိုင်သွားလမ်း	၁ ခု
	- အမြန် ဝင်/ထွက်လမ်း	၄ ခု
	- ဝင်/ထွက်လမ်း	၄ ခု
	- ရပ်နားရာနေရာ	၁ ခု
	- ခရီးသည် သုံးထပ်အဆောက်အအုံ	၁ ခု
	- ခရီးသည် တက်/ဆင်းတံတား	၁၀ စင်း
	- လေကြောင်းထိန်းမျှော်စင်	၁ ခု
	- Ground Service Equipments Maintenance အဆောက်အအုံ	၁ ခု
	- Fuel Farm	၁ ခု
	- Water Intake Station	၁ ခု
၂။	**နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်းအဆင့်(၂)**	
	- လေယာဉ်ရပ်နားရာနေရာ	၁ ခု
	- VIP လေယာဉ်ရပ်နားရာနေရာ	၁ ခု
	- ခရီးသည် အတက်/အဆင်းတံတား	၄ စင်း
	- Flight Catering အဆောက်အအုံ	၁ ခု
	- Government Complex အဆောက်အအုံ	၁ ခု
	- Airport Maintenance Base အဆောက်အအုံ	၁ ခု
၃။	**နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် စီမံကိန်းအဆင့်(၃)**	
	- ခရီးသည်အတက်/အဆင်းတံတား	၁၇ စင်း
	- လေယာဉ်သွားလမ်းနှင့်အပြိုင် Dual Parallel Taxiway	၁ ခု
	- လေယာဉ်ပြေးလမ်း	၁ ခု
	- Dual Parallel Taxiway	၁ စုံ
	- လေယာဉ်အမြန်ဝင်/ထွက်လမ်း	၄ ခု
	- လေယာဉ်ဝင်/ထွက်လမ်း	၄ ခု
	- ကုန်တင်လေယာဉ်ရပ်နားနေရာ	၁ ခု

လေယာဉ်ပြေးလမ်း ပေ ၁၀၀၀၀အထက် လေယာဉ်ကွင်းများ

စဉ်	လေယာဉ်ကွင်းအမည်	ပြေးလမ်းအတိုင်းအတာ	မှတ်ချက်
၁။	ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်	၁၁၂၀၀ × ၂၀၀	တိုးချဲ့ဖွင့်လှစ်ပြီး
၂။	မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်	၁၄၀၀၀ × ၂၀၀	ဖွင့်လှစ်ပြီး
၃။	နေပြည်တော်လေဆိပ်	၁၂၀၀၀ × ၂၀၀	ဖွင့်လှစ်ပြီး
၄။	အနီးစခန်းလေဆိပ်	၁၀၀၀၀ × ၂၀၀	တိုးချဲ့ဖွင့်လှစ်ပြီး
၅။	နန်ပေါင်လေဆိပ်	၁၁၀၅၀ × ၂၀၀	တိုးချဲ့ဖွင့်လှစ်ပြီး
၆။	ဟုမ္မလင်းလေဆိပ်	၁၂၀၀၀ × ၂၀၀	တိုးချဲ့ဖွင့်လှစ်ပြီး
၇။	နမ့်စန်လေဆိပ်	၁၂၀၀၀ × ၂၀၀	တိုးချဲ့ဖွင့်လှစ်ပြီး
၈။	ထားဝယ်လေဆိပ်	၁၂၀၀၀ × ၁၀၀	ဆောင်ရွက်ဆဲ
၉။	ဘုတ်ပြင်းလေဆိပ်	၁၀၀၀၀ × ၁၀၀	ဖွင့်လှစ်ပြီး
၁၀။	ကျောက်ထုလေဆိပ်	၁၀၀၀၀ × ၁၀၀	ဖွင့်လှစ်ပြီး
၁၁။	တောင်ငူလေဆိပ်	၁၂၀၀၀ × ၂၀၀	တိုးချဲ့ဖွင့်လှစ်ပြီး

ပြည်သူများ လေကြောင်းခရီးစဉ်များဖြင့် ခရီးသွားလာရေး အဆင်ပြေ ချောမွေ့စေရန်အတွက် တည်ဆောက်ပေးထားသည့် ရခိုင်ပြည်နယ် စစ်တွေ လေဆိပ်ကို ဤသို့ တွေ့ရသည်။

စာမျက်နှာ ၉ မှ

ဦးလေးလှ။ ။ ငါမှတ်ထားသလောက်ကတော့ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောတွေဟာ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် ဆိပ်ကမ်းတွေကို ပုံမှန်ခရီးစဉ်ပြေးဆွဲနေတယ်။ ကုန်ပစ္စည်းအပေါ်မူတည်ပြီး ပါကစ္စတန်နဲ့ အရှေ့အလယ်ပိုင်းဒေသ ဆိပ်ကမ်းတွေလည်း သွားလာပို့ဆောင်ပေးနေပါတယ်။ အရှေ့အာရှ ခရီးစဉ်တွေအနေနဲ့ တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်ဆိပ်ကမ်းတွေကို သွားလာပို့ဆောင်ပေးနေသလို အရှေ့တောင်အာရှ ခရီးစဉ်အနေနဲ့ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဖိလစ်ပိုင်နိုင်ငံ ဆိပ်ကမ်းတွေကိုလည်း ဝင်/ထွက်သွားလာနေတာပဲ။ နောက်ပြီး ၁၉၉၄ခုနှစ်က စတင်လို့ ရန်ကုန်-စင်ကာပူ-ရန်ကုန် ကုန်သေတ္တာခရီးစဉ် ပြေးဆွဲနေတယ်။ အခုဆိုရင် မလေးရှားနိုင်ငံ ပို့ကီလန် ဆိပ်ကမ်းကိုပါတိုးချဲ့ပြီး ရန်ကုန်-ပို့ကီလန်-စင်ကာပူ-ရန်ကုန် ကုန်သေတ္တာခရီးစဉ် တိုးချဲ့ပြေးဆွဲနေတယ်လေ။ ကမ်းရိုးတန်းခရီးစဉ်အဖြစ် ရခိုင်ကမ်းရိုးတန်းခရီးစဉ်မှာ သံတွဲ၊ ကျောက်ဖြူ၊ စစ်တွေဆိပ်ကမ်းတွေနဲ့ တနင်္သာရီကမ်းရိုးတန်းခရီးစဉ်မှာ မော်လမြိုင်၊ ထားဝယ်၊ မြိတ်၊ ကော့သောင်းဆိပ်ကမ်းတွေကို ပြေးဆွဲပေးနေတယ်။ နှစ်စဉ် ပြည်ပကုန်ပစ္စည်းတွေ တန်ချိန် ၁၅သိန်းခန့် သယ်ယူပို့ဆောင်ပေးနေသလို ပြည်တွင်းကမ်းရိုးတန်းခရီးစဉ်တွေမှာ နှစ်စဉ်ခရီးသည်၅၀၀၀၀ကျော်နဲ့ ကုန်တန်ချိန်တစ်သိန်းကျော် သယ်ယူပို့ဆောင်ပေးနေပါတယ်။ ယခုအခါမှာတော့ နိုင်ငံတော်ရဲ့ ဈေးကွက်စီးပွားရေးစနစ်အရ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကို ပုဂ္ဂလိကသို့လွှဲပြောင်းပေးလိုက်ပြီလို့ သိရတယ်။ ပုဂ္ဂလိကလက်အောက်မှာလည်း မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းအနေနဲ့ ပြည်တွင်းခရီးစဉ်ကို သင်္ဘော ၅စင်း၊ ပြည်ပခရီးစဉ်ကို သင်္ဘော ၁၇စင်းနဲ့ ပြေးဆွဲပေးလျက်ရှိပါတယ်။

ကျွန်တော် ။ ။ ဒါဆိုရင် အရင်ကထက် ၁၉၈၈ခုနှစ် နောက်ပိုင်းမှာ ပို့ဆောင်ရေးကဏ္ဍ အများကြီးတိုးတက်လာတာပဲ။ ဒီလို တပ်မတော်အစိုးရက ဆောင်ရွက်ပေးခဲ့တာဟာ အနာဂတ်နိုင်ငံတော်အတွက် အများကြီး အကျိုးကျေးဇူးရှိမှာပေါ့နော်။

ဦးလေးလှ ။ ။ အေးပေါ့ကွာ။ နိုင်ငံတော်က အဲဒီလိုတွေ ကြိုးစားဖြည့်ဆည်းပေးခဲ့တာတွေကြောင့် ယခုဆိုရင် လေကြောင်းခရီးစဉ်တွေဟာ လွယ်ကူချောမွေ့လာနေပြီလေ။ ပြည်ပကဧည့်သည်ရောက်ရှိမှု တဖြည်းဖြည်း တိုးတက်များပြားလာပြီဖြစ်သလို ပြည်ပက နိုင်ငံတကာ လေကြောင်းလိုင်းတွေနဲ့ ချိတ်ဆက်မှုတွေ အများကြီး လုပ်ဆောင်ထားတာမို့ လေကြောင်းခရီးတိုင်းမှာ ခရီးသည်အပြည့်နဲ့ ပို့ဆောင်ပေးနေနိုင်ပြီပေါ့။ ပုဂ္ဂလိက လေကြောင်းကုမ္ပဏီတွေကိုလည်း ပြည်ပ ပြေးဆွဲခွင့်အတွက် လုပ်ပိုင်ခွင့်ပေးထားပြီမို့ မကြာခင်ကာလမှာ နိုင်ငံတကာမြို့ကြီးတွေအထိ တိုက်ရိုက်ပျံသန်းနိုင်ကြတော့မှာဖြစ်တယ်။ အနာဂတ်အကျိုးစီးပွားကို မျှော်ကိုးပြီး နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သစ်ကြီးကို နိုင်ငံတကာအဆင့်မီ လေဆိပ်ကြီးအဖြစ် အဆင့် သုံးဆင့်ခွဲပြီး တိုးချဲ့တည်ဆောက်သွားမှာဖြစ်တာမို့ သည်လေဆိပ်သစ်ကြီး အဆင့်မြင့် ဖွင့်လှစ်နိုင်တဲ့အချိန်မှာ ဘိုရင်း-၇၇၇ ခရီးသည်တင် အကြီးစားလေယာဉ်ကြီးတွေပါ ဆိုက်ကပ်ရပ်နားနိုင်မှာ ဖြစ်တယ်။ ဒါကြောင့် အနာဂတ်ကာလမှာ မြန်မာနိုင်ငံသားတွေဟာ ဥရောပ၊ အာရှ၊ အာဖရိက၊ တောင်အမေရိကနဲ့ အရှေ့အလယ်ပိုင်းဒေသတွေအထိ နိုင်ငံတကာအနှံ့ အချိန်မရွေး လေယာဉ်ခရီးစဉ်နဲ့ သွားလို့ရတော့မယ်လေ။ နိုင်ငံတော်အစိုးရက ဖြည့်ဆည်း ဆောင်ရွက်ပေးနေသမျှအားလုံးဟာ တို့ပြည်သူတွေရဲ့ အနာဂတ် အကျိုးစီးပွားအတွက်ချည်းပါပဲကွာ။ ပြည်တွင်း ရေကြောင်းသွားလာမှုကိုလည်း ခရီးသည်နဲ့ ကုန်တင်ရေယာဉ်တွေ ပြေးဆွဲမှုတိုးတက်အောင် ဆောင်ရွက်ပေးနေသလို ယခုအခါမှာ ပုဂ္ဂလိက အမြန်ရေယာဉ်တွေပါ တိုးချဲ့ခွင့်ပြုပေးခဲ့တယ်။ ဒါကြောင့်မို့ ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသနဲ့ မြန်မာနိုင်ငံအထက်ပိုင်း ချင်းတွင်းမြစ် ရေကြောင်းခရီးစဉ်တွေမှာ အဆင့်အတန်းမြင့်တဲ့ အမြန်ရေယာဉ် တွေနဲ့ပြေးဆွဲနိုင်လို့ ခရီးသည်တွေနဲ့ ကုန်ပစ္စည်းတွေ အချိန်တိုအတွင်း ကုန်ကျမှုနည်းနည်းနဲ့ သွားလာတင်ပို့ပေးနိုင်နေပြီပေါ့။

ဒါ့အပြင် ဈေးသင်္ဘောကြီးတွေကို တိုးချဲ့ပြေးဆွဲပေးနေသလို အပျော်စီးသင်္ဘော ပြေးဆွဲမှုအစီအစဉ်တွေလည်း ဆောင်ရွက်ပေးဖို့စီစဉ်နေတယ်။ ပုဂ္ဂလိကရေယာဉ်တွေကို ခွင့်ပြုပေးနေတာမို့ ရေယာဉ်တွေ ပိုမိုများပြားလာပြီး ယှဉ်ပြိုင်မှုအားကြောင့် ရေကြောင်းခရီးသွားလာမှု ဖွံ့ဖြိုးလာမှာ အမှန်ပါပဲ။ ၁၉၈၈မတိုင်မီတုန်းက ရေယာဉ်တည်ဆောက်ပြုပြင်နိုင်တဲ့ လွန်းကျင်းပေါင်း ငါးခုသာရှိခဲ့ပြီး ယခုအခါ နိုင်ငံတကာ အဆင့်မီတန်ချိန် ၁၂၀၀၀ သင်္ဘောကြီးတွေပါ တည်ဆောက်လွန်းတင်ပြုပြင်ပေးနိုင်တဲ့ မြန်မာ့သင်္ဘောကျင်းလုပ်ငန်း(ဆင်မလိုက်) အပါအဝင် လွန်းကျင်းပေါင်း ခြောက်ခုအထိ တိုးတက်လာခဲ့တယ်လေ။ ဒါကြောင့် ဆိပ်ခံဘောတံတားတွေ အသစ်ပြုပြင်တည်ဆောက်မှုနဲ့ သင်္ဘောအသစ် တည်ဆောက်မှု၊ ပြုပြင်မှုတွေလည်း အင်တိုက်အားတိုက် စီမံဆောင်ရွက်နေတာမို့ ပြည်တွင်း ရေကြောင်း ပို့ဆောင်ရေးဟာ အနာဂတ်ကာလမှာ ပိုမိုတိုးတက်ပြီး ပြည်သူတွေရဲ့ လိုအပ်ချက်ကို ပိုမိုဖြည့်ဆည်းပေးနိုင်မှာဖြစ်တယ်။

ကျွန်တော်စဉ်းစားမိသည်။ အနာဂတ်နိုင်ငံတော်အတွက်၊ ပြည်သူတွေအတွက် နိုင်ငံတော်အစိုးရက ရေကြောင်း၊ လေကြောင်းပို့ဆောင်ရေးကဏ္ဍ၌ အစီအစဉ်ရှိရှိ စေတနာထားဆောင်ရွက်ပေးမှုများမှာ အထူးပင် အားရစရာကောင်းလှသည်။ အနာဂတ်ကာလတွင် မြန်မာနိုင်ငံ၌ မည်သည့်အစိုးရအဖွဲ့ တာဝန်ယူသည်ဖြစ်စေ အဆိုပါ အခြေခံကောင်း၊ အုတ်မြစ်ကောင်းများကို စနစ်တကျ ကြိုးပမ်းဖော်ဆောင်ပေးထားမှုများက နိုင်ငံနှင့် ပြည်သူ၏ အနာဂတ်အကျိုးစီးပွားအတွက် ကြီးမားသော လုံ့လဥဿာဟဖြင့် စေတနာရှေ့ထား ဆောင်ရွက်မှုများအဖြစ် အထင်အရှား မြင်တွေ့နေရပြီဖြစ်ပါကြောင်း။ ။

၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတစ်ဝန်း

ဖွံ့ဖြိုးတိုးတက်လာသော လေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍ

စဉ်	အကြောင်းအရာ	ရေတွက်ပုံ	၁၉၈၈	၂၀၁၀	တိုးတက်မှု
၁။	**လေကြောင်းပို့ဆောင်ရေး**				
	-လေယာဉ်ကွင်း	ကွင်း	၆၆	၆၉	၃
	-ပြေးလမ်း ပေ ၁၀၀၀၀အထက်	ကွင်း	-	၁၁	၁၁
	-ပြေးလမ်း ပေ ၅၀၀၀အထက်	ကွင်း	၂၁	၂၇	၆
	-ပြေးလမ်း ပေ ၅၀၀၀အောက်	ကွင်း	၄၅	၃၁	အဆင့်မြှင့်တင်
၂။	**ရေကြောင်းပို့ဆောင်ရေး**				
	ပြည်တွင်းသင်္ဘော				
	- ဆိပ်ခံတံတား	ခု	၉၂	၁၁၁	၁၉
	- သင်္ဘောကျင်း	ခု	၅	၆	၁
	- ခရီးလမ်းကြောင်း	ခု	၅၃	၆၂	၉
	- ခရီးသည်	သန်း	၁၇·၄၈	၂၅·၇၉	၈·၃၁
	- ခရီးသည်မိုင်	သန်း	၃၄၆·၁၃	၅၄၁·၂၂	၁၉၅·၀၉
	- ကုန်တန်ချိန်	သန်း	၁·၈၉	၃·၆၀	၁·၇၁
	- ကုန်တန်မိုင်	သန်း	၂၄၂·၆၄	၄၀၀·၄၅	၁၅၇·၈၁
	နိုင်ငံခြားသင်္ဘော				
	- ဆိပ်ခံတံတား	ခု	၁၃	၂၈	၁၅
	- သင်္ဘော (ကမ်းရိုးတန်း၊ ပြည်ပ)	စင်း	၁၄	၂၅	၁၁
	- ကုန်းတွင်း ကုန်သေတ္တာလွှင်ပြင်နှင့် ကုန်သေတ္တာစခန်း	ခု		၃	၃

မြန်မာနိုင်ငံအထက်ပိုင်းဒေသများ၌ မိုးဆက်လက်ပိုနေမည်

နေပြည်တော် ဇူလိုင် ၂၀

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းတွင် နေရာကွက်ကျား၊ ကယားပြည်နယ်တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇူလိုင် ၂၁ရက် ညနေအထိ ခန့်မှန်းချက်မှာ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

နေပြည်တော်နှင့် မန္တလေးမြို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၅၅ ရပ်ကွက် ရွှေစံပယ်လမ်းနေ ဦးစိုးမင်းအောင် မိသားစုက ဖခင်ဖြစ်သူ အားရည်စူး၍ နှစ်နှစ်ပြည့်အလှူတော်ငွေကျပ် တစ်သိန်းကို ထာဝရဘက်စုံအလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဇူလိုင် ၁၃ရက်က လှူဒါန်းရာ ဒေါက်တာဦးအောင်ခင်က လက်ခံယူစဉ်။ (၁၀၃)

ပန်းတောင်းစက်မှုနယ်မြေစက်ရုံများ
ဝန်ကြီး ဦးစိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၂၀

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် ဇူလိုင် ၁၇ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပန်းတောင်းမြို့နယ် ဆင်တဲရှိ အမှတ်(၁)လယ်ယာသုံးစက်ပစ္စည်း ထုတ်လုပ်မှုစက်ရုံသို့ ရောက်ရှိပြီး ဧရာ(၁)လက်တွန်းထွန်စက်များ၊ ရေစုပ်စက်များ၊ လက်သုံးကိရိယာများဖြစ်သည့် ပေါက်တူး၊ လှံ၊ ရဲဒင်းနှင့် တူများထုတ်လုပ်နေမှု၊ ၁၅မီတာ ကုန်တင်ရထားတွဲ ထုတ်လုပ်နေမှုနှင့် စပါးပျိုးပင်စိုက်ပျိုးစက် စမ်းသပ်ထုတ်လုပ်နေမှုတို့ကိုလည်းကောင်း၊ မော်တော်ယာဉ်အစိတ်အပိုင်းထုတ်လုပ်မှု အလုပ်ရုံ၌ စက်များ တပ်ဆင်ပြီးစီးမှုနှင့် ထုတ်လုပ်မှုစတင်ရန် အသင့်ပြင်ဆင်ထားရှိမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ပေးသည်။

ဖြည့်ဆည်းမှာကြား

ဆက်လက်၍ ထုံးဘိုရှိ အမှတ်(၂) မော်တော်ယာဉ် ထုတ်လုပ်မှုစက်ရုံသို့ ရောက်ရှိပြီး Double Cab, Single Cab, SUV မော်တော်ယာဉ်များ ထုတ်လုပ်မှု အဆင့်ဆင့်နှင့် Maintenance Free Battery အလုပ်ရုံ၌ တပ်ဆင်ပြီးစီးသည့် စက်များကို ကြည့်ရှုစစ်ဆေးကာ **(အပေါ်ယာပုံ)** လိုအပ်သည်များ ဖြည့်ဆည်း မှာကြားသည်။

စနစ်တကျရှိ

ဝန်ကြီးသည် ဇူလိုင် ၁၈ရက်က ညောင်ခြေထောက်ရှိ အမှတ်(၁)စက်နှင့် စက်ကိရိယာပစ္စည်းထုတ်လုပ်မှုစက်ရုံသို့ ရောက်ရှိပြီး Machines tools များ ထုတ်လုပ်မှု၊ Mould နှင့် Die များပြုလုပ်မှု၊ Bare Copper Wire, PVC Wire, Power Cable နှင့် Transformer ထုတ်လုပ်မှုတို့ကိုလည်းကောင်း၊ စက်ရုံများ၏ ဘဏ္ဍာရေးဆိုင်ရာ ငွေကြေးရရှိမှုနှင့် သုံးစွဲမှုများ စနစ်တကျရှိစေရေးကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရပ်ဆိုင်ရာဟောပြောပွဲ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၌ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းပညာရပ်ဆိုင်ရာ ဟောပြောပွဲကို ဇူလိုင် ၂၄ ရက် (စနေနေ့)နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ နှစ်လယ်အစည်းအဝေးနှင့်အတူ အသင်းဘက်စုံခန်းမကြီး တည်ရှိရာ အမှတ် ၅၈၂/က သံသုမာလမ်း သွပ်ဝိုင်းကြီးရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်တွင် ကျင်းပမည်ဖြစ်သည်။

(သွားဘက်ဆိုင်ရာဆရာဝန်အသင်း)

● *ကျောဖုံးမှ*

မောင်းနှင်မည်

၂၀၁၁ ခုနှစ်ကုန် သို့မဟုတ် ၂၀၁၂ ခုနှစ်တွင် စတင်ကာ တွင်ကျယ်စွာ မောင်းနှင်နိုင်မည်ဟု ၎င်းတို့က မျှော်မှန်းထားသည်။ ၁၉၉၇ ခုနှစ်က ထုတ်လုပ်ခဲ့ဖူးသော စူပါဆိုးနစ် မော်တော်ယာဉ်မှာ တစ်နာရီ ၇၆၃ မိုင်သာ မောင်းနှင်နိုင်ခဲ့သည်။ ယခု တီထွင်ထုတ်လုပ်လိုက်သည့် စူပါဆိုးနစ်မော်တော်ယာဉ်ကို သီတင်းတစ်ပတ်အတွင်း အများပြည်သူတို့အားပြသသွားမည်ဖြစ်သည်။ ။ **(အင်တာနက်)**

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်းနာယကအဖွဲ့ဝင်များနှင့်အဖွဲ့
အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)သို့ သွားရောက်လေ့လာ

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်း **(Myanmar ASEAN Women's Friendship Association-MAWFA)** နာယကအဖွဲ့ဝင်များဖြစ်ကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်မြင့်မြင့်စိုးနှင့် ဒုတိယဝန်ကြီး၏ဇနီး ဒေါက်တာဒေါ်ခင်မြဝင်း၊ အသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များဖြစ်ကြသည့် ဌာနဆိုင်ရာအကြီးအကဲများ၏ ဇနီးများ၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး **H.E.Ms. Maria Hellen M.Barber** နှင့် သံအမတ်ကြီးများ၏ဇနီးများ၊ သံရုံးအကြီးအကဲများ၏ဇနီးများသည် ယနေ့နံနက် ၉နာရီက ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)သို့ သွားရောက်လေ့လာကြသည်။

ရှင်းလင်းပြသ

ရှေးဦးစွာ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ် ဒေါ်စန္ဒာခင်က ရုပ်သံအကြိုကြည့်ရှုခန်း (Preview Room)၌ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)အကြောင်းကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် မြန်မာနိုင်ငံအာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း နာယကအဖွဲ့ဝင်များနှင့်အဖွဲ့သည် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)ရှိ ရိုက်ကူးရေးခန်းမ (Studio Room)နှင့်တည်းဖြတ်ခန်း (Edit Room)တို့ကို ကြည့်ရှုလေ့လာကြပြီး "သာယာဝတီမှ စာတစ်စောင်" ရုပ်မြင်သံကြားဇာတ်လမ်းနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ ပန်းပုလက်ရာများ၊ တေးသီချင်း၊ စောင်း၊ ဆိုင်းဝိုင်း၊ ရုပ်သေး၊ အငြိမ့် စသည့် အနုပညာတင်ဆက်မှု အစီအစဉ်များကို ကြည့်ရှုလေ့လာအားပေးကြသည်။ **(အပေါ်ပုံ)**

ပေးအပ်

ယင်းနောက် နာယကအဖွဲ့ဝင် ဒေါ်မြင့်မြင့်စိုးနှင့်အဖွဲ့က အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)အတွက် ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုငွေကျပ် ၃၀၀၀၀၀ တို့ကို ပါမောက္ခချုပ်ထံ ပေးအပ်ကြသည်။ **(သတင်းစဉ်)**

သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးနင်းမိသဖြင့် ရွှေကျင်မြို့နယ်၌ အပြစ်မဲ့ပြည်သူတစ်ဦး ခြေချင်းဝတ်ပြတ်ဒဏ်ရာရရှိ

နေပြည်တော် ဇူလိုင် ၂၀

ပဲခူးတိုင်း ရွှေကျင်မြို့နယ် ကွမ်းဆိပ်ကျေးရွာနေ ဦးအောင်မြင့်သည် အဖော်သုံးဦးနှင့်အတူ ဇူလိုင် ၁၆ရက် မွန်းတည့် ၁၂နာရီခန့်တွင် ကျောက်ကျိုးဒေသ၌ ရွှေကျင်ရန်မြေနေရာလိုက်လံကြည့်ရှုစဉ် သောင်းကျန်းသူများထောင်ထားသည့် မိုင်းတစ်လုံးပေါက်ကွဲသဖြင့် ယာခြေချင်းဝတ်အောက်ပြတ်ဒဏ်ရာ ရရှိခဲ့ကြောင်း၊ ဒဏ်ရာရလူနာအား ရွှေကျင်မြို့ ခုတင် (၁၀၀)ဆံ့ဆေးရုံသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း၊ ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁ရက်မှ ဇူလိုင် ၁၆ရက်အထိ သောင်းကျန်းသူများထောင်ထားသည့် မိုင်းများနင်းမိသဖြင့် နိုင်ငံတစ်ဝန်း အမျိုးသားလေးဦး၊ အမျိုးသမီးနှစ်ဦး ပေါင်းခြောက်ဦးသေဆုံးပြီး အမျိုးသား ၃၇ဦး၊ အမျိုးသမီး၀၁ဦးပေါင်း ၄၂ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇူလိုင် ၁၈ရက်က လှိုင်မြို့နယ် အမှတ် (၁)ရပ်ကွက်ရုံး၌ လှိုင်မြို့နယ် ရဲမှုခင်း ကျဆင်းရေး ဟောပြောပွဲ ကျင်းပရာ ရဲတပ်ဖွဲ့စခန်းမှ ခေတ္တစခန်းမှူး ရဲအုပ်သန်းဝင်းက မှုခင်းကျဆင်းရေး လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဟောပြော ဆွေးနွေးစဉ်။ (မြန်မာ့အလင်း)

ဥတုရာသီ တောကိုမှီ၏

အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ
ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဇူလိုင် ၂၀

မြန်မာနိုင်ငံဘတ်စကက်ဘော အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၀ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘော ပြိုင်ပွဲကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။ **(အောက်ပုံ)**

အနိုင်ရရှိ

ပြိုင်ပွဲ၏ အမျိုးသားအသက်(၁၈)နှစ်နှင့်အောက် ပတ်လည်ပြိုင်ပွဲတွင် Uno အသင်းက Venom အသင်းကို ၇၃မှတ်-၂၁မှတ်ဖြင့် လည်းကောင်း၊ A-team အသင်းက Joker အသင်းကို ၇၇မှတ်-၃၇မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

အမျိုးသမီး ပတ်လည်ပြိုင်ပွဲတွင် လယ်ယာနှင့်ဆည်မြောင်းအသင်းက Precious အသင်းကို ၆၇မှတ်-၃၉မှတ်ဖြင့် လည်းကောင်း၊ ပြည်ထဲရေးအသင်းက အမှတ်(၁)စက်မှု (B)အသင်းကို ၈၆မှတ်-၃၆မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

အမျိုးသားအလွတ်တန်း

အမျိုးသားအလွတ်တန်း အုပ်စု ပတ်လည်ပြိုင်ပွဲတွင် D. G. H အသင်းက Drogue အသင်းကို ၉၄မှတ်-၃၁မှတ် ဖြင့်လည်းကောင်း၊ Lion အသင်းက လယ်ယာနှင့် ဆည်မြောင်းအသင်းကို ၆၅မှတ်-၆၁မှတ်ဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

(သတင်းစဉ်)

❐ *ရှေ့ဖုံးမှ*

လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လှိုင်ကော်ခရိုင်နှင့် ဘောလခဲ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌတို့က သိရှိလိုသည်များကိုမေးမြန်းကြရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပြန်လည် ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၁-၇-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	အင်္ဂဇေယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇:၅၀	၅။	သံသာချီအေးမင်္ဂလာတေး
၈:၀၀	၆။	မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈:၁၅	၇။	အတီးပြိုင်ပွဲ
၈:၂၅	၈။	**မြန်မာပြည်တစ်ဝန်းလွှင့်ပျံ့နေမည့် မြန်မာ့ရုပ်သံနှင့်ဆက်စပ်လိုင်း**
၈:၄၀	၉။	International News
၈:၄၅	၁၀။	တေးဂီတအစီအစဉ်
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	အကပြိုင်ပွဲ
၄:၂၀	၃။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄:၂၅	၄။	တေးဂီတအစီအစဉ်
၄:၃၅	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၄:၅၀	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၀၀	၇။	နားဝင်ပီယံသူ့လက်သံ
၅:၁၀	၈။	သီချင်းကြီးပဒေသာ
၅:၂၀	၉။	**နောက်မကျရအောင်**
၅:၃	၁၀။	ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅:၄၅	၁၁။	တေးဂီတအစီအစဉ်
၆:၀၀	၁၂။	ညနေခင်းသတင်း
၆:၁၅	၁၃။	မိုးလေဝသအခြေအနေ
၆:၂၀	၁၄။	မြန်မာ့လေ့ရိုးရာလက်ဇော့
၆:၃၅	၁၅။	ထက်မြက်ပျော်ရွှင်အိမ်ထောင်ရှင်
၇:၀၅	၁၆။	ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
၇:၃၅	၁၇။	အလင်္ကာကျော်စွာရွှေပြည်အေး နှစ်(၁၀၀)ပြည့် တေးဂီတအစီအစဉ် (အပိုင်း-၄)
၈:၀၀	၁၈။	ပြည်တွင်းသတင်း
	၁၉။	နိုင်ငံတကာသတင်းများ
	၂၀။	မိုးလေဝသအခြေအနေ
	၂၁။	တို့အိမ်ကလေး (တေးဆို-နေရဲမာန်၊ တေးရေး-OVATION အဖွဲ့)
	၂၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၆၁)
	၂၃။	၂၀၀၉ခုနှစ် (၁၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ တော်ဝင်ရုပ်စုံသဘင် (ဒုတိယဆု) (စစ်ကိုင်းတိုင်း)

၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားအိမ်ရှင်မည်သူဖြစ်မလဲ

➤ စုစည်းရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း)

တိုကျို ဇူလိုင် ၂၀

၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ် ဖီဖာက ရွေးချယ်တော့မည်။ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)မှ အိမ်ရှင်အဖြစ် ရွေးချယ်ခြင်းမပြုမီ စစ်ဆေးရေးအဖွဲ့ စေလွှတ်ကာ လေ့လာစစ်ဆေးမှုများ ပြုလုပ်နေပြီဖြစ်သည်။ ဖီဖာ၏ စစ်ဆေးရေးအဖွဲ့က တွေ့ရှိသမျှ အချက်အလက်များကို ဖီဖာထံ တင်ပြမည်ဖြစ်သည်။ ဖီဖာစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များက ဇူးရစ်မြို့တွင် လာမည့်ဒီဇင်ဘာ ၂ရက်၌ အိမ်ရှင်ကို ရွေးချယ်ကြတော့မည်ဖြစ်သည်။

ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာ

ဖီဖာစစ်ဆေးရေးအဖွဲ့သည် ဇူလိုင် ၁၉ရက်၌ ဂျပန်နိုင်ငံသို့ ရောက်ရှိနေပြီး သုံးရက်ကြာနေထိုင်လေ့လာမည်ဖြစ်သည်။ ၂၀၁၈နှင့် ၂၀၂၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပွဲများကို အိမ်ရှင်အဖြစ်လက်ခံကျင်းပခွင့်ရရှိရန် တင်ပြထားသည့် နိုင်ငံပေါင်း ကိုးနိုင်ငံရှိသည်။ ယင်းကိုးနိုင်ငံသို့ ဖီဖာစစ်ဆေးရေးအဖွဲ့ သွားရောက်မည်ဖြစ်ရာ ဂျပန်၊ သြစတြေးလျ၊ နယ်သာလန်နှင့် ဘယ်လ်ဂျီယံ၊ ရုရှား၊ တောင်ကိုရီးယား၊ အင်္ဂလန်၊ စပိန်နှင့် ပေါ်တူဂီ၊ ကာတာနှင့် အမေရိကန်နိုင်ငံတို့သို့ သွားရောက်လေ့လာမည်ဖြစ်သည်။

ပူးတွဲအိမ်ရှင်

ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပရန် တင်ပြထားသည့် နိုင်ငံများမှာ နယ်သာလန်နှင့် ဘယ်လ်ဂျီယံ၊ စပိန်နှင့် ပေါ်တူဂီတို့ ဖြစ်ကြသည်။ ဖီဖာစစ်ဆေးရေးအဖွဲ့က ဇူလိုင် ၁၉ရက်မှ ၂၂ရက် အထိ ဂျပန်နိုင်ငံ၊ ဇူလိုင် ၂၂ရက်မှ ၂၅ရက်အထိ တောင်ကိုရီးယား၊ ဇူလိုင် ၂၆ရက်မှ ၂၉ရက်အထိ သြစတြေးလျ နိုင်ငံတို့သို့ သွားရောက်မည်ဖြစ်သည်။ ဩဂုတ် ၉ရက်မှ ၁၂ရက်အထိ နယ်သာလန်နှင့် ဘယ်လ်ဂျီယံ၊ ဩဂုတ် ၁၆ရက် မှ ၁၉ရက်အထိ ရုရှား၊ ဩဂုတ် ၂၃ရက်မှ ၂၆ရက်အထိ အင်္ဂလန်၊ ဩဂုတ် ၃၀ရက်မှ စက်တင်ဘာ ၂ရက်အထိ စပိန်နှင့် ပေါ်တူဂီ နိုင်ငံများသို့ သွားရောက် လေ့လာမည်ဖြစ်သည်။ ထို့အတူ စက်တင်ဘာ ၆ရက်မှ ၉ရက်အထိ အမေရိကန်နှင့် စက်တင်ဘာ ၁၃ရက်မှ ၁၇ရက်အထိ ကာတာနိုင်ငံတို့သို့လည်း သွားရောက်စစ်ဆေးကြမည်ဖြစ်သည်။

ဂျပန်

၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားအိမ်ရှင်အဖြစ် ဥရောပနိုင်ငံများက အလေးသာဖွယ်

ဂျပန်တိုက်စစ်မှူး နာကာတာ

ရှိနေရာ ဂျပန်နိုင်ငံအနေဖြင့် ၂၀၂၂ခုနှစ် ကမ္ဘာ့ဖလားပွဲကို အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိရေး အဓိက မျှော်လင့်ရမည်ဖြစ်သည်။ ဂျပန်နိုင်ငံ အိုဆာကာမြို့ရှိ အားကစားကွင်းသည် ပရိသတ် ၈၃၀၀၀ဆန့်ရာ ဖွင့်ပွဲ၊ ပိတ်ပွဲများကျင်းပနိုင်သည့် အနေအထားအဖြစ် ဖီဖာစစ်ဆေးရေးအဖွဲ့က လက်ခံခဲ့သည်။ ဂျပန်နိုင်ငံ အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိရေးနှင့် ပတ်သက်၍ ဂျပန်တိုက်စစ်မှူး ကမ္ဘာကျော် ဘောလုံးသမား နာကာတာက "ဂျပန်နိုင်ငံဟာ ကမ္ဘာ့ဖလားပွဲကို ၂၀၀၂ခုနှစ် ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပနိုင်ခဲ့တဲ့ အတွေ့အကြုံကောင်းတွေ ရှိနေပါတယ်။ အားကစားကွင်းတွေလည်း အသင့် အနေအထားရှိနေပါတယ်။ ဂျပန်ပြည်သူတွေဟာ ဘောလုံးကို အားပေးချစ်မြတ်နိုးတဲ့ ပရိသတ်တွေမို့ အခက်အခဲတစ်စုံတစ်ရာ မရှိပါဘူး" ဟု ပြောကြားခဲ့သည်။

အင်္ဂလန်

၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အိမ်ရှင်အဖြစ် အင်္ဂလန်နိုင်ငံ ရေပန်းစားလျက်ရှိသည်။ အင်္ဂလန်နိုင်ငံကို အိမ်ရှင်အဖြစ်ရွေးချယ်ရန် တင်ပြမှုအချက်အလက်များမှာ စာမျက်နှာပေါင်း ၁၇၅၂ ရှက်ရှိသည်။ ထိုသို့ တင်ပြမှုစာရွက်များကို အင်္ဂလန် အသင်းခေါင်းဆောင်ဟောင်း ဒေးဗစ်ဘက်ဟမ်းက ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတ္တာ ထံပေးအပ်ခဲ့ပြီး ဖြစ်သည်။ အင်္ဂလန်နိုင်ငံဟာ ဘောလုံးကစားမှုကို ချစ်မြတ်နိုးတဲ့ နိုင်ငံဖြစ်တယ်ဟု ပြောကြားခဲ့သည်။ အင်္ဂလန်နိုင်ငံ အိမ်ရှင်ဖြစ်ရေး အကောင်အထည်ဖော်မှုများကို ဒေးဗစ်ဘက်ဟမ်းကလည်း တက်တက်ကြွကြွ စည်းရုံးလျက်ရှိသည်။ အင်္ဂလန်အသင်း ကမ္ဘာ့ဖလားဘောလုံးပွဲ အိမ်ရှင်ဖြစ်ရေးအတွက် ဒေးဗစ်ဘက်ဟမ်းက "အင်္ဂလန်

ကမ္ဘာကျော် ဘောလုံးသမား ဒေးဗစ်ဘက်ဟမ်း။

နိုင်ငံဟာ ကမ္ဘာ့ဖလားပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပဖို့အတွက် အချိန်တန်ပါပြီ။ အင်္ဂလန်ဘောလုံး လောကဟာ ကမ္ဘာ့ဘောလုံး အဆင့်မြင့်တင်ရေးမှာ အဓိက အစိတ်အပိုင်းတစ်ခုလို ပါဝင်နေတာမို့ ကမ္ဘာ့ဖလားဘောလုံးပွဲကို အိမ်ရှင်အဖြစ်ရွေးချယ်ရင် ကမ္ဘာ့ဘောလုံးပရိသတ်တွေ ဝမ်းသာကြမှာပါ" ဟု ပြောကြား စည်းရုံးလျက်ရှိသည်။

၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနှင့် ၂၀၂၂ခုနှစ် ကမ္ဘာ့ဖလားဘောလုံး ပြိုင်ပွဲများအတွက် အိမ်ရှင်အဖြစ်ရွေးချယ်ရန် ဖီဖာစစ်ဆေးရေးအဖွဲ့ လေ့လာရေးခရီးစဉ် စတင်နေပြီဖြစ်ရာ မည်သည့်နိုင်ငံများ အိမ်ရှင်ဖြစ်မည်ကို စောင့်ကြည့်ရမည် ဖြစ်ပါကြောင်း။ ။

ကိုးကား-အင်တာနက်

ကွင်းလယ်ကစားသမားဂျိုးကိုးလ် လီဗာပူးနှင့် လေးနှစ်စာချုပ်

မြင့်မောင်စိုး - ရေးသားသည်



လန်ဒန် ဇူလိုင် ၂၀

အလွတ် ပြောင်းရွှေ့လာသော ချယ်လ်ဆီးကွင်းလယ် ကစားသမားဟောင်း ဂျိုးကိုးလ်အားလီဗာပူးက လေးနှစ်စာချုပ်ဖြင့် ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။

ဂျိုးကိုးလ်သည် ချယ်လ်ဆီးနှင့် စာချုပ် သက်တမ်းကုန်ဆုံးခဲ့ပြီးနောက် ချယ်လ်ဆီးက ထပ်မံစာချုပ်မှု ကမ်းလှမ်းခြင်းမရှိသည့်အတွက် အသင်းမှ ထွက်ခွာသွားခဲ့သည်။ ၎င်းအား အာဆင်နယ်နှင့် စပါးတို့ကလည်း စိတ်ဝင်စားခဲ့သည်။ သို့သော် ဂျိုးကိုးလ်က လီဗာပူးနှင့် စာချုပ်ရန် ဆုံးဖြတ်ခဲ့သည်။

လီဗာပူးက ၎င်းအား တစ်ပတ်လုပ်ခ လစာပေါင် ၉၀၀၀၀ ပေးမည်ဖြစ်ကြောင်း သိရသည်။ နည်းပြရှိုင်ဟော့ဆင်သည် တောရက်စ်၊ ဒက်ကွတ်ဖ်၊ ဂျရတ်တို့နှင့်အတူ ဂျိုးကိုးလ်ကိုပါ ခေါ်ယူနိုင်ပြီဖြစ်၍ လာမည့် ပရီမီယာလိဂ်ရာသီတွင် ထိပ်တန်းလေးသင်းနေရာကို ပြန်လည်ရယူရန် အသင့်ရှိနေသည်။ (အင်တာနက်)

မော်ရင်ဟို၏ ဘောလုံးလေ့ကျင့်မှု အသင်းသားများအတွက် အခက်အခဲကြုံတွေ့

မက်ဒရစ် ဇူလိုင် ၂၀

ရီးရဲမက်ဒရစ်နည်းပြ မော်ရင်ဟိုသည် ကစားသမားများအား ခက်ခဲသော လေ့ကျင့်မှုများ ပြုလုပ်ခိုင်းစေနေကြောင်း ဘရာဇီးနောက်တန်းကစားသမား မာဆယ်လိုက ပြောကြားသည်။

မော်ရင်ဟို၏ လေ့ကျင့်ခန်းများသည် မိမိတို့ ကစားသမားများအတွက် သက်သောင့်သက်သာမရှိကြောင်း၊ သို့သော် မိမိတို့ပျော်ရွှင်ပါကြောင်း အသက် ၂၂နှစ်ရှိ မာဆယ်လိုကပြောကြားသည်။

နည်းပြမော်ရင်ဟိုသည် အင်တာမီလန်အသင်းကို ချန်ပီယံလိဂ်ဆုဖလားဆွတ်ခူးပေးခဲ့ပြီးနောက် ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ခဲ့သည်။ ၎င်းသည် ရီးရဲမက်ဒရစ်နှင့် လေးနှစ်စာချုပ် ချုပ်ဆိုထားသည်။ လာမည့် စပိန်လာလီဂါ ပြိုင်ပွဲနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲများအတွက် နည်းပြမော်ရင်ဟိုသည် ကမ္ဘာ့ဖလားပွဲ ပြန်လာသော ကစားသမားများနှင့်အတူ စတင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ **(အင်တာနက်)**

တိုက်စစ်မှူးအီဒူယာဒို ရှက်တာဒိုးနက်သို့ပြောင်းရွှေ့

လန်ဒန် ဇူလိုင် ၂၀

အာဆင်နယ်တိုက်စစ်မှူး အီဒူယာဒိုသည် ခရိုအေးရှားကလပ် ရှက်တာဒိုးနက်သို့ ပေါင်ခြောက်သန်းဖြင့် ပြောင်းရွှေ့သွားပြီဖြစ်သည်။

အီဒူယာဒိုအား အက်စ်တွန်ဗီလာနှင့် ဘက်ရီးတပ်စ်တို့က ခေါ်ယူရန် ပစ်မှတ်ထားခဲ့သည်။ သို့သော် ရှက်တာဒိုးနက်က အမိအရခေါ်ယူစာချုပ်ခဲ့သည်။ ၎င်းသည် တစ်ပတ်လုပ်ခလစာပေါင် ၅၀၀၀၀ ရရှိမည်ဖြစ်ကြောင်း သိရသည်။ (အင်တာနက်)

၂၀၂၂ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဒီဇင်ဘာလတွင် အိမ်ရှင်ရွေးချယ်မည်

ဆစ်ဒနီ ဇူလိုင် ၂၀

တရုတ်နိုင်ငံက ၂၀၂၆ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန် လျှောက်ထားသော်လည်း ၂၀၂၂ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရရှိရန် မျှော်လင့်ကြောင်း သြစတြေးလျနိုင်ငံမှ ဘောလုံးတာဝန်ရှိသူများက ပြောကြားသည်။

၂၀၂၂ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို သြစတြေးလျနိုင်ငံနှင့်အတူ ဂျပန်၊ ကာတာနှင့် တောင်ကိုရီးယားနိုင်ငံတို့ကလည်း လျှောက်ထားကြသည်။

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က အဆိုပါ ၂၀၂၂ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အိမ်ရှင်အဖြစ် ကျင်းပခွင့်ရမည့်နိုင်ငံအား လာမည့် ဒီဇင်ဘာလတွင် အစည်းအဝေးတစ်ရပ် ကျင်းပလျက် ဆုံးဖြတ်ကြရန် စီစဉ်ထားသည်။ **(အင်တာနက်)**

ကမ္ဘာ့အားကစားသတင်းအတိုအထွာ

ချစ်စိုးနိုင် - စုစည်းသည်

ဖာဘရီဂတ်စ်အား ဘာကာ ပေါင်သန်း ၄၀ဖြင့် ကမ်းလှမ်းမည်

ဘာစီလိုနာအသင်းသည် အာဆင်နယ်အသင်းမှ စပိန်ကွင်းလယ်ကစားသမား ဖာဘရီဂတ်စ်အား နောက်ဆုံးကမ်းလှမ်းမှုအနေဖြင့် ပေါင်သန်း ၄၀ဖြင့်ကမ်းလှမ်းမည်ဖြစ်ကြောင်း သတင်း၌ဖော်ပြသည်။

အီပရာနှင့် ပီဒစ်တို့အား စာချုပ်ရန် မော်ရင်ဟိုပစ်မှတ်ထား

အီဗရာနှင့် ၎င်း၏ကစားဖော် နီမန်ဂျာဗီဒစ်တို့အား စာချုပ်ခေါ်ယူရန် ရီးရဲမက်ဒရစ် နည်းပြ မော်ရင်ဟိုက ပစ်မှတ်ထားလျက်ရှိသည်။

ခံစစ်မှူးဖိလစ်လမ်းအား မန်ယူက ခေါ်ယူရန်စီစဉ်

မန်ယူအသင်းသည် ဘွန်ဒက်စ်လီဂါအသင်း ဘိုင်ယန်မြူးနစ်မှ အသက် ၂၆နှစ်အရွယ်ရှိ ခံစစ်မှူးဖိလစ်လမ်းအား စာချုပ်ခေါ်ယူလိုကြောင်း၊ ပြောင်းရွှေ့ကြေးအပြင် တိုက်စစ်မှူး ဒီမီတာဘာဘာတော့ဗ်ကို အလိုက်ပေးကာ ကမ်းလှမ်းခေါ်ယူရန်စီစဉ်နေကြောင်းသိရသည်။

ဆွီဒင်အိုးပင်း တင်းနစ်ဆုဖလား အယ်လ်မာဂရိုဆွတ်ခူး

ဆွီဒင်နိုင်ငံ ဘက်စတက်ဒ်၌ကျင်းပသော ဆွီဒင်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့်(၄)ရှိ စပိန်တင်းနစ်သမား နီကိုလပ်စ်အယ်လ်မာဂရိုသည် အိမ်ကွင်းတွင်ဗိုလ်စွဲရန် ရေပန်းစားနေပြီး လက်ရှိဆွီဒင်အိုးပင်းတင်းနစ်ချန်ပီယံ ရော်ဘင်ဆိုဒါလင်အား ၇-၅၊ ၃-၆၊ ၆-၂ဖြင့် အနိုင်ရရှိကာ ၎င်း၏ ကစားသမားသက်တမ်း တစ်လျှောက်တွင် ခြောက်လုံးမြောက်ဆုဖလားနှင့် ၂၀၁၀ခုနှစ်အတွက် ၎င်း၏ပွဲဦးထွက် ဆုဖလားကို ဆွတ်ခူး နိုင်ခဲ့ကြောင်း၊ အယ်လ်မာဂရိုသည် ဒုတိယပွဲစဉ်တွင် အရေးနိမ့်နေရာမှ တတိယပွဲစဉ်တွင် လက်စွမ်းပြန်ပြနိုင်ကာ ၁နာရီ ၅၇မိနစ်ကြာယှဉ်ပြိုင်ပြီးမှ အနိုင်ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရီးရဲကွင်းလယ်မှ ဒီယာရာအား နယူးကာဆယ်ခေါ်ယူဖွယ်

ရီးရဲမက်ဒရစ်တွင်နေရာမရဖြစ်နေပြီး အသင်းမှထွက်ခွာခွင့်ပြုထားသည့် ကွင်းလယ်ကစားသမား မဟာမာဒိုဒီယာရာအား နယူးကာဆယ်က စာချုပ်ခေါ်ယူဖွယ်ရှိသည်။

ဒက်ကွတ်ဖ်နှင့် ပီယင်နာအားခေါ်ယူရန် ဘင်နီတက်ဇ်ကြိုးပမ်း

စီးရီးအေအသင်း အင်တာမီလန်ကို လက်ရှိကိုင်တွယ်နည်းပြနေသည့် လီဗာပူးနည်းပြဟောင်း ရာဖေးလ်ဘင်နီတက်ဇ်သည် လီဗာပူးတိုက်စစ်မှူး ဒက်ကွတ်ဖ်နှင့် အဲဗာတန်ကွင်းလယ်ကစားသမား စတီဗင်ပီယင်နာကို အင်တာမီလန်သို့ ခေါ်ယူရန်ကြိုးပမ်းလျက်ရှိသည်။

ဂျာဂီလ်ကာအား ထပ်မံကမ်းလှမ်းရန် အာဆင်နယ်ပြင်ဆင်

အဲဗာတန်အသင်းသည် ယင်း၏အင်္ဂလန်လက်ရွေးစင် ဗဟိုခံစစ်မှူးဖီးလ် ဂျာဂီလ်ကာအား ပြောင်းရွှေ့ကြေးပေါင် ၁၄သန်းဖြင့်ကမ်းလှမ်းမှုကို ငြင်းပယ်ခဲ့ကြောင်း၊ ထို့ကြောင့် အာဆင်နယ်က ပြောင်းရွှေ့ကြေးပေါင် ၁၆သန်းသို့တိုးမြှင့်ပေးကာ ဂျာဂီလ်ကာအား ထပ်မံကမ်းလှမ်းရန်ပြင်ဆင်နေကြောင်း သိရသည်။

ဘာလော့တယ်လီ မန်စီးတီးသို့ ပြောင်းရွှေ့ရေးပျက်ပြယ်

မန်စီးတီးအသင်းသည် အင်တာမီလန်မှ အသက် ၁၉နှစ်အရွယ်ရှိ ကစားသမား ဘာလော့တယ်လီအား ပြောင်းရွှေ့ကြေးပေါင်သန်း ၂၀သာပေးပြီးကမ်းလှမ်းခဲ့သဖြင့် ၎င်း၏ မန်စီးတီးသို့ပြောင်းရွှေ့ရေးမှာ ပျက်ပြယ်သွားပြီဖြစ်သည်။

ဥရောပ ဝယ်လ်တာဝိတ်တန်းသရဖူ ဟက်တန်ကာကွယ်

လက်ဝှေ့ကျော် မက်သရူးဟက်တန်သည် ဇူလိုင် ၁၆ရက်က ဗြိတိန်နိုင်ငံ ဘော်လ်တန်မြို့တွင် ပြိုင်ဘက်ယူကရိန်းလက်ဝှေ့သမား ယူရိုင်နုချ်နင်ကိုအား ပထမအချီတွင်ပင်အလဲထိုးကာ ၎င်း၏ ဥရောပဝယ်လ်တာဝိတ်သရဖူကို ကာကွယ်ခဲ့ကြောင်း၊ ပြီးခဲ့သည့်မတ်လက အီတလီလက်ဝှေ့သမား ဂီရန်လူကာဘာရန်ကိုထံမှ ယင်းသရဖူရယူပြီးကတည်းက ဟက်တန်၏ပထမဦးဆုံးသရဖူကာကွယ်ပွဲဖြစ်ကြောင်း၊ ဟက်တန်သည် ၄၆ပွဲယှဉ်ပြိုင်ထိုးသတ်ရာတွင် ပွဲပေါင်း ၄၀အနိုင်ရခဲ့သည့် မှတ်တမ်းရှိကြောင်း သိရသည်။

မာဂါရီတို သို့မဟုတ် ကော့တိုနှင့် ပတ်ကွိုင်အော ထိုးသတ်မည်

ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီပတ်ကွိုင်အောသည် ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၂၃ရက်တွင် အမေရိကန်လက်ဝှေ့ကျော် ဖလိုက်မေဝဲသားဂျူနီယာနှင့် ယှဉ်ပြိုင်ထိုးသတ်ရန် စီစဉ်ထားမှုပျက်ပြယ်ခဲ့ပြီးနောက် အန်တိုနီယိုမာဂါရီတို သို့မဟုတ် မီဂူယယ်ကော့တိုနှစ်ဦးအနက်မှ တစ်ဦးဦးနှင့်ယှဉ်ပြိုင်ထိုးသတ်ရန် ဆွေးနွေးမှုများစတင်ပြုလုပ်နေပြီဖြစ်သည်။ ။ *(အင်တာနက်)*

သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ သမိုင်းဝင်သတင်းသုတ

ချာကိုးစစ်ပွဲအတွင်း လေကြောင်းစစ်ဆင်ရေးများ

(၁၉၂၈-၁၉၃၅)

တိုး-ရေးသားသည်

ချာကိုးစစ်ပွဲသည် အမေရိကနိုင်ငံများအကြား လေယာဉ်များအသုံးပြုတိုက်ခိုက်သည့် ပထမဆုံးသောနိုင်ငံတကာစစ်ပွဲဖြစ်သည်။ လေကြောင်းစစ်ဆင်မှုများကြောင့်လည်း လူအသေအပျောက်များပြီး ထိခိုက်ပျက်စီးမှုပမာဏ များရခြင်းဖြစ်သည်။

ထိုခေတ်ထိုအခါက ဘိုလစ်ဗီးယားနိုင်ငံသည် အမေရိကနိုင်ငံများအနက် လေတပ်အင်အားအကြီးဆုံး နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့သော် လေတပ်အင်အားကို အကျိုးရှိရှိ အသုံးချရန် နည်းပညာမရှိမှုကြောင့် အင်အားရှိသလောက် အသုံးမပြုသဖြင့် အဆုံးတွင် အရှုံးနှင့်ကြုံတွေ့ရသည်။

ဆင်နွဲနိုင်

ဘိုလစ်ဗီးယားနှင့်ရင်ဆိုင်သည့် အခြားတစ်ဖက်မှ ပါရာဂွေးနိုင်ငံမှာ အမှန်စင်စစ်လေတပ်လေယာဉ်မျိုး အနည်းငယ်မျှသာရှိသည်။ သို့သော် ခေတ္တဖြစ်ပွားသည့် ပြည်တွင်းစစ်တစ်ရပ်ဖြစ်သော ၁၉၂၂ခုနှစ် တော်လှန်ရေးမှ နည်းပညာကျွမ်းကျင်သူများ ရှိနေသည်။ ထို့အပြင် ပါရာဂွေးဗိုလ်ချုပ်ကြီး ဖဲလစ်အက်ဆီဂါရီဘီးယားမှာ အာဖရိကတိုက်နှင့် လေကြောင်းတိုက်ပွဲတွင် ထိရောက်စွာ ဆင်နွှဲနိုင်သူအဖြစ် အသိအမှတ်ခံထားရသူဖြစ်သည်။

၁၉၃၂ခုနှစ် ဇူလိုင်လနှင့်ဩဂုတ်လအတွင်းတွင် စစ်မျက်နှာရှေ့တန်း အစ္စလာပွိုင့်စခန်းတွင် ပါရာဂွေးနိုင်ငံက စစ်လေယာဉ်ဆင်းလမ်းတစ်ခုဖောက်လုပ်ပြီး ထောက်လှမ်းရေးအတွက် တိုက်လေယာဉ်အုပ်တစ်ခု ဖြန့်ကြက်ထားလိုက်သည်။

သတိပေး

ထိုအချိန်တွင် ဘိုလစ်ဗီးယားနိုင်ငံ၏လေတပ်မှာ အင်အားများစွာပိုမိုတောင့်တင်းသည်။ သို့သော် တိုက်ခိုက်ရေးဗုန်အနီး လေယာဉ်ကွင်းမရှိပါချေ။ ယင်းအားနည်းချက်ရှိသော်လည်း ဘိုလစ်ဗီးယားလေတပ်က ထိထိရောက်ရောက်တိုက်ပွဲဝင်နိုင်သည်ကို တွေ့ရသည်ဆို၏။ ချာကိုးစစ်ပွဲအတွင်း ဘိုလစ်ဗီးယားလေတပ်ကို ဒုတိယဗိုလ်မှူးကြီး ဘီလ်ကောင်းရော့ဂျာကဦးစီးပြီး ၁၉၃၂ခုနှစ် ဇူလိုင်လတွင် လေကြောင်းပြင်ဆင်ရေး စတင်လိုက်သည်။ ရှေ့တန်းမူနော့စခန်းတွင်မဟုတ်ဘဲ ဗီလာဗွန်တက်စခန်းတွင် တပ်ဖွဲ့များကို အခြေစိုက်ထားရှိသည်။ ထိုလအတွင်း ရှေ့တန်းလေယာဉ်ကွင်းများ၌ ဗစ်ကာဗက်စပါ တိုက်လေယာဉ်သုံးစင်း ဘရီဂွက်-၁၄ဗုံးကြဲလေယာဉ်သုံးစင်း၊ ဗစ်ကာ-၁၄၃ ပုံစံတိုက်လေယာဉ်သုံးစင်း ဖြန့်ကြက်ထားသည်။ ပါရာဂွေးနိုင်ငံ၏ ရီယိုပါရာဂွေးရှိ ပွာတိုကာဆဒိုအဓိကစခန်းကို ဗုံးကြဲချေမှုန်းရန်၊ လေကြောင်းစစ်ဆင်ရေး ဆင်နွှဲရန် ဒုတိယဗိုလ်မှူးကြီးရော့ဂျာက ဘိုလစ်ဗီးယား ကာကွယ်ရေးဦးစီးချုပ် ဗိုလ်မှူးကြီးကတ်စတီလိုထံ သွားရောက်အကြံပြုသည်။ ဗိုလ်မှူးကြီးကတ်စတီလိုနှင့် ထိပ်တိုက်တွေ့ပြီး ပါရာဂွေးတပ်ဖွဲ့ဝင်များ စိတ်ဓာတ်ကျဆင်းသွားစေရန် စခန်းတွင်းကို ဗုံးကြဲတိုက်ခိုက်ရမည်ဟု ဒုတိယဗိုလ်မှူးကြီး ရော့ဂျာက အခိုင်အမာရပ်တည်သည်။ ဘိုလစ်ဗီးယားစစ်ဌာနချုပ်က သဘောမတူ။ စခန်းတွင်းကို ဗုံးကြဲလျှင် ဘိုလစ်ဗီးယားအား နိုင်ငံတကာက ကန့်ကွက်လာမည်ကို စိုးရိမ်သည်။ သို့သော် ပွာတိုကာဆာဒိုရှိ ပါရာဂွေးစခန်းများကို ဝင်ရောက်တိုက်ရန် စစ်ဌာနချုပ်ကခွင့်ပြုသည်။ ကျူးကျော်တိုက်ခိုက်သောအခါ အာဂျင်တီးနားနိုင်ငံသားအများအပြားရှိနေသဖြင့် ဘိုလစ်ဗီးယားကို အာဂျင်တီးနားနိုင်ငံက သတိပေးလာသည်။

စစ်ပွဲအတွင်း ဘိုလစ်ဗီးယားလေတပ်က အသုံးပြုသည့် ဗုံးကြဲလေယာဉ်တစ်စင်းကို တွေ့ရစဉ်။

အာဂျင်တီးနားနိုင်ငံသည် ဤစစ်ပွဲတွင် ကြားနေဟုဆိုသော်လည်း ပါရာဂွေးနိုင်ငံနှင့်မူ ဖော်ဖော်ရွေရွေ ဆက်ဆံသည့်အပြင် ငွေကြေးထောက်ပံ့မှုပင် ပြုလုပ်သေးသည်။ အာဂျင်တီးနားက ကန့်ကွက်သတိပေးလာသည့်အတွက် ဘိုလစ်ဗီးယားက တိုက်ပွဲစဉ်များအတွင်း လေကြောင်းစစ်ဆင်ရေးဆက်မလုပ်ရန် စဉ်းစားလာသည်။ ဘိုလစ်ဗီးယားလေတပ်သည် ရှေ့တန်းကင်းထောက်လုပ်ငန်းနှင့် အနီးကပ်လေကြောင်းကူပစ်လုပ်ငန်းသာ ဦးစားပေးလာရသည်။

ပစ်ခတ်

စစ်ပွဲအစတွင် ချာကိုးကို လေကြောင်းကင်းလှည့်ထောက်လှမ်းမှုများ မပြတ်ဆောင်ရွက်ရန် ဒုတိယဗိုလ်မှူးကြီးရော့ဂျာက အမိန့်ပေးထားသည်။ ဘိုကွာရွန်စစ်ပွဲအတွင်းတွင် မြေပြင်တပ်များအားထောက်ကူ၍ နှစ်ဖက်စလုံးက လေကြောင်းတိုက်ခိုက်မှုများ ဆင်နွှဲသည်။ ၁၉၃၂ခုနှစ် စက်တင်ဘာ ၉ရက်နှင့် ၂၉ရက်ကြားတွင် ပါရာဂွေး ပိုတက်၏ ဗုံးကြဲလေယာဉ်များက စီဘော့-၇၃ တိုက်လေယာဉ်များအစောင့်အရှောက်ဖြင့် ရန်သူဘိုလစ်ဗီးယားတပ်ဖွဲ့ဝင်များအား (၁၂)ကြိမ်တိုင် ဗုံးကြဲတိုက်ခိုက်သည်။ ထို့အပြင် ၇၅ အမြောက်များဖြင့်လည်း ပစ်ခတ်သည်။

တိုက်ပွဲဖြစ်

ဘိုလစ်ဗီးယားလေတပ်နှင့် ပါရာဂွေးလေတပ်တို့ ဝေဟင်တွင်ရင်ဆိုင်ရာ၌ ၁၉၃၂ခုနှစ် စက်တင်ဘာ ၂၈ရက်က ပါရာဂွေးလေယာဉ်မှူး ဗိုလ်အဲမီလီယိုရိုကိုးတို့ ဒဏ်ရာရသွားသည်။ သို့သော် လေယာဉ်နှင့်အတူ စခန်းသို့ပျံသန်းနိုင်ခဲ့သည်။ တကယ့် ရင်ဆိုင်တိုက်ခိုက်ရသည့်အဖြစ်မှာ ၁၉၃၂ခုနှစ် ဒီဇင်ဘာ ၄ရက်ကဖြစ်သည်။ ပါရာဂွေး ပိုတက်လေယာဉ်နှင့် စီးချင်းထိုးတိုက်ခိုက်ရာတွင် ဘိုလစ်ဗီးယားလေယာဉ်မှူး ရှာဖဲပါဘွန်က အောင်နိုင်သူဖြစ်သည်။ ယင်းမှာ အာဖရိက၌ ပထမဆုံးလေယာဉ်စီးချင်းထိုး တိုက်ပွဲဖြစ်သည်။

လေတပ်သည် အနီးကပ် လေကြောင်းထောက်ကူမှု၊ ကင်းထောက်လုပ်ငန်း၊ ဒဏ်ရာရသူများအား ရှေ့တန်းမှ နောက်တန်းဆေးရုံများသို့ ပို့ပေးမှုအပါအဝင် စစ်ပွဲ၏ အဆင့်ဆင့်သော အခြေအနေအရပ်ရပ်တွင် အဓိကအခန်းမှပါဝင်သည်။

တာဝန်ယူဆောင်ရွက်

လေကြောင်းချီတက်တိုက်ခိုက်မှု၊ ဗုံးကြဲမှုတာဝန်ကျတပ်ဖွဲ့ဝင်များမှာ စစ်ပွဲ၏ အဆုံးအဖြတ်အပိုင်းတွင် တာဝန်ယူဆောင်ရွက်ရသကဲ့သို့ သယ်ယူပို့ဆောင်ရေးနှင့် အထွေထွေလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ပေးရသည်။ လေတပ်သားများ၏အခန်းကဏ္ဍမှာလည်း စစ်ပွဲတွင်အရေးပါသည်။ ဤစစ်ပွဲအတွင်း ရှေ့တန်း၌ဒဏ်ရာရ ဖျားနာသူတပ်ဖွဲ့ဝင် ၄၀၀၀၀တို့ကို ဘိုလစ်ဗီးယား ဂျေယူ-၅၂ လေယာဉ်များက နောက်တန်းသို့ပို့ပေးခဲ့သည်။

ပါရာဂွေးဗိုလ်ချုပ်ကြီး အက်ဆီဂါရီဘီးယားသည် ဒေသတွင်းဆက်သွယ်ရေးနှင့် ၄င်း၏တပ်မှူးများအား တွေ့ဆုံရန် လေယာဉ်ဖြင့်သွားလာလှုပ်ရှားသည်။ အလားတူ ပါရာဂွေးသမ္မတယူဆီဘိုင်အိုအယာလာသည် ရှေ့တန်းတပ်ဖွဲ့ဝင်များကို အားပေးစကားပြောကြားရန်နှင့် ဗိုလ်ချုပ်ကြီး အက်ဆီဂါရီဘီးယားနှင့် တွေ့ဆုံရန် လေယာဉ်ဖြင့်သွားရောက်သည်။ နိုင်ငံရေးခေါင်းဆောင်များ စစ်ပွဲအတွင်း လေကြောင်းခရီးဖြင့်သွားခြင်းမှာ အာဖရိကတိုက်တွင် ဤသည်မှာ ပထမဆုံးဖြစ်သည်။

ဗုံးကြဲတိုက်ခိုက်

ပါရာဂွေးရေတပ်၏ လေယာဉ်အုပ်စုကို ၁၉၂၉ခုနှစ်က စတင်ခဲ့သည်။ ဤလေယာဉ်အုပ်စုက ၁၉၃၄ခုနှစ် ဒီဇင်ဘာ ၂၂ရက်တွင် ရန်သူဘိုလစ်ဗီးယားတပ်စခန်းများကို ညအချိန် ဗုံးကြဲတိုက်ခိုက်သည်။ ညပိုင်း လေကြောင်းချီ ဗုံးကြဲတိုက်ခိုက်ခြင်းမှာ အာဖရိကတိုက်နိုင်ငံများအချင်းချင်းတွင် ဤတစ်ကြိမ်သည် ပထမဆုံးဖြစ်သည်။ လေယာဉ်ပစ်အမြောက်များ တပ်ဆင်ထားသည့် ပါရာဂွေးရေတပ်၏ အစွမ်းကြောင့်လည်း ဘိုလစ်ဗီးယားတို့က ပါရာဂွေးထောက်ပံ့လုပ်ငန်းကို ထိထိရောက်ရောက် အဆက်မပြတ်နိုင်ခြင်းလည်းဖြစ်သည်။

စစ်ပွဲအတွင်း လေယာဉ်များနှစ်ဖက်စလုံး အဆုံးအရှုံးများသဖြင့် ဖြည့်ဆည်းရာတွင် နိုင်ငံပေါင်းချုပ်အသင်းကြီးနှင့် အမေရိကန်အစိုးရတို့၏ လက်နက်ပိတ်ပင်မှုကြောင့် အခက်တွေ့ရသည်။ သို့သော် ဘိုလစ်ဗီးယားနိုင်ငံက ချီလီနိုင်ငံ၏အကူအညီရသလို ပါရာဂွေးနိုင်ငံကလည်း ဉရုဂွေးနှင့် အာဂျင်တီးနားနိုင်ငံတို့၏ ထောက်ခံမှုရရန် အသီးသီးကြိုးစားကြသည်။

ရန်သူ့လေတပ်စခန်းများနှင့် ထောက်ပို့ပစ္စည်းသိုလှောင်ရုံကြီးကို တိုက်ခိုက်ဖျက်ဆီးရာတွင် အခါအားလျော်စွာ အောင်မြင်မှုများ နှစ်ဖက်စလုံးတွင်ရှိပါသည်။ ပါရာဂွေးလေတပ်၏ အအောင်မြင်ဆုံးတိုက်ခိုက်မှုမှာ ၁၉၃၄ခုနှစ် ဇူလိုင် ၈ရက်ကဖြစ်သည်။ ဗီယက်နမ်တိုက်လေယာဉ်များ အစောင့်အရှောက်ဖြင့် ပိုတက်-၂၅ ဗုံးကြဲလေယာဉ် လေးစင်းက ရန်သူ့လေယာဉ်ပြေးလမ်းများနှင့် အခြားအဆောက်အအုံများကို ဗုံးအလုံး ၄၀ ကြဲချ ဖျက်ဆီးနိုင်ခဲ့သည်။

အလားတူပင် ဘိုလစ်ဗီးယားလေတပ်၏ အကြီးမားဆုံးအောင်မြင်မှုမှာ ၁၉၃၄ခုနှစ် နိုဝင်ဘာလကဖြစ်သည်။ လေသူရဲများ၏ စွမ်းဆောင်မှုကြောင့် ဘိုလစ်ဗီးယားတပ်များ အောင်မြင်စွာဆုတ်ခွာနိုင်ခြင်းဖြစ်သည်ဟု မှတ်တမ်းတင်ထားသည်။ ချာကိုးစစ်ပွဲမှာ ၁၉၃၅ခုနှစ်တွင် ပြီးဆုံးခဲ့သည်။ ။

ကိုးကား-အင်တာနက်

ကမ္ဘာတစ်လွှား ထူးထူးခြားခြား ကမ္ဘာတစ်လွှား ထူးထူးခြားခြား ကမ္ဘာတစ်လွှား ထူးထူးခြားခြား ကမ္ဘာတစ်လွှား ထူးထူးခြားခြား

မောင်မောင်မြင့်ဆွေ ➢ စုစည်းရေးသားသည်

စာမျက်နှာဖွဲ့စည်းမှု ➢ ခိုင်လွင် (မြန်မာ့အလင်း)

ကမ္ဘာ့အရှည်ဆုံး ကားလမ်းဥမင်လိုဏ်ခေါင်း

နော်ဝေးနိုင်ငံ လာအီရာဒယ်မြို့မှ အော်ရာလန်မြို့သို့သွားသည့် ကားလမ်းပေါ်၌ တည်ဆောက်ထားသည်။ အမြင့်ပေ ၆၀၀၀ ရှိသည့်တောင်များကို ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်သည်။ ဥမင်အရှည်မှာ ၁၅ ဒသမ ၂ မိုင်ရှိပြီး တည်ဆောက်ဖောက်လုပ်မှုကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁၂၅ သန်းခန့်ဖြစ်သည်။ ကမ္ဘာပေါ်တွင် အရှည်ဆုံး ကားလမ်း ဥမင်လိုဏ်ခေါင်းဖြစ်သည်။ ***(ယာပုံ)*** ***(အင်တာနက်)***

ကမ္ဘာ့အမြင့်ဆုံး တံတား

ပြင်သစ်နိုင်ငံ တာရင်မြစ်ပေါ်တွင် ဖြတ်သန်းဖောက်လုပ်ထားသော တံတားဖြစ်သည်။ ပြင်သစ်နိုင်ငံပါရီမြို့ရှိ အီဖဲလ်မျှော်စင်၏ အမြင့်ထက် ပိုမိုမြင့်မားသည်။ ယင်းတံတားသည် မြေပြင်မှ အမြင့် ၁၁၂၅ပေရှိပြီး တစ်နာရီ လေတိုက်နှုန်း ၉၅ မိုင်အထိ ခံနိုင်ရည်ရှိအောင် တည်ဆောက်ထားသည်။ ကမ္ဘာပေါ်တွင် အမြင့်ဆုံးတံတားအဖြစ် သတ်မှတ်ခံရသည်။ ***(အောက်ပုံ)***

(အင်တာနက်)



ကမ္ဘာ့အထူးခြားဆုံး တံတား

ဂျပန်နိုင်ငံ တိုကျိုပင်လယ်အော်ကို ဖြတ်သန်း ဖောက်လုပ်ထားသော တံတားဖြစ်သည်။ တိုကျိုပင်လယ်အော်ရေပြင်ပေါ်၌ ဖောက်လုပ်ထားခြင်းဖြစ်ပြီး အရှည် ၆ ဒသမ ၂ မိုင်ရှိကာ မော်တော်ကားလမ်းပါရှိသည်။ တံတားအဆုံး တိုကျိုပင်လယ်အော်ရေပြင်ပေါ်၌ ကြီးမားသော ကားရပ်စခန်း တည်ဆောက်ထားသည်။ ခရီးသွားဧည့်သည့်များအနေဖြင့် စိတ်အပန်းဖြေရန်နှင့် စိတ်လက်ပေါ့ပါးမှုဖြစ်စေရန် ဖောက်လုပ်ထားခြင်း ဖြစ်သည်။ (ဝဲပုံ)

(အင်တာနက်)

21-7 (15).pmd 1 7/21/2010, 2:16 AM

မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ မအူပင်၌ကျင်းပ

မအူပင် ဇူလိုင် ၁၉

မအူပင်ခရိုင် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ဇွန် ၂၆ရက် နံနက် ၁၀နာရီကကျင်းပရာ အခမ်းအနားတွင် ၂၀၁၀ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ သဝဏ်လွှာကို မအူပင်ခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကြည်က ဖတ်ကြားသည်။

ဆွေးနွေးဟောပြော

ထို့နောက် မအူပင်ခရိုင်ဥပဒေအရာရှိ ဦးစိုးမြင့်က မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအကြောင်း သိကောင်းစရာများနှင့် မအူပင်ခရိုင် ကျန်းမာရေးဦးစီးဌာန ဒေါက်တာခင်မာစိုးက မူးယစ်ဆေးဝါးနှင့် ကျန်းမာရေးအကြောင်း သိကောင်းစရာများကို ဆွေးနွေးဟောပြောကြသည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီ၊ ကာတွန်းပြိုင်ပွဲများတွင် ဆုရရှိသူများကို မအူပင်ခရိုင် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကြည်က ဆုများ ပေးအပ်ချီးမြှင့်သည်။ **(ယာပုံ)** (၁၅၁)

မာန်အောင်အသင်း (ရန်ကုန်) စုပေါင်းအလှူပွဲ ကျင်းပမည်

မာန်အောင် ဇူလိုင် ၁၉

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော စုပေါင်းအလှူပွဲကို ဇူလိုင် ၂၅ရက် နံနက် ၇နာရီမှ ၁၁နာရီအထိ အသင်းတိုက် အမှတ်(၄၁) မြို့သစ် ၁လမ်း ကျောက်မြောင်းအရှေ့ တာမွေမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ မာန်အောင်မြို့နယ်သူ မြို့နယ်သားများ၊ အသင်းဝင်သည်ဖြစ်စေ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် ဖိတ်ကြားထားသည်။ **(မြို့နယ်အသင်း)**

မြန်မာအမျိုးသမီးများနေ့ အခမ်းအနား ပဲခူး၌ကျင်းပ

ထူးချွန်ဆုရသူများအား ဆုချီးမြှင့်

ပဲခူး ဇူလိုင် ၁၉

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို ဇူလိုင် ၃ရက် နံနက်က ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာအမျိုးသမီးများနေ့ အခမ်းအနားကို အထက(၁)ပဲခူးမှ သက်ငယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်လေးများက ဇာတိမာန်သီချင်းဖြင့် ဖွင့်လှစ်ပြီး ဆက်လက်၍ အထက(၃) ကျောင်းသူလေးများက အမျိုးသမီးဂုဏ်ရည်သီချင်းဖြင့် သီဆိုဖျော်ဖြေကာ အထက(၁) ကျောင်းသူလေးများက မြန်မာအမျိုးသမီးများနေ့သီချင်းဖြင့် စုပေါင်းဖျော်ဖြေကြသည်။

ကြည့်ရှုအားပေး

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူ ကိုးဦး၊ ပဲခူးတိုင်းအတွင်းရှိ ထူးချွန်အမျိုးသမီးငါးဦးနှင့် မြန်မာအမျိုးသမီးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့တစ်လွှားဝင့်ကာကြွား တို့မြန်မာအမျိုးသမီးများ ဆောင်းပါးပြိုင်ပွဲ ဆုရ ကျောင်းသူနှစ်ဦးအား အမျိုးသမီးရေးရာ အဖွဲ့ဝင်များက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြသည်။ **(အပေါ်ပုံ)** ထို့နောက် ဧည့်ခံရေးအဖွဲ့များအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ပြီး တိုင်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက အမျိုးသမီးရေးရာ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသော ဓာတ်ပုံပြပွဲကို လှည့်လည်ကြည့်ရှုအားပေးကြသည်။ (ဝ၈၆)

မြို့နယ်သတင်း ထွေတလာ

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာဇီဝလုံခြုံမှုဟောပြောပွဲ

စစ်တွေမြို့၌ ကျင်းပ

စစ်တွေ ဇူလိုင် ၁၉

ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ ဇီဝလုံခြုံမှုဟောပြောပွဲ အခမ်းအနားကို ရခိုင်ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ ဇွန် ၂၉ရက်က ကျင်းပရာ အခမ်းအနားတွင် ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်သိန်းက အမှာစကားပြောကြားပြီး ညွှန်ကြားရေးမှူး(စီမံ)ဒေါက်တာအုန်းကျော်က ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ ဇီဝလုံခြုံမှုသိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် မွေးမြူရေးလုပ်ငန်းရှင်များ၏ သိရှိလိုသည့် မေးမြန်းချက်များကို ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာမြင့်သိန်းက ပြန်လည်ရှင်းလင်းပြောကြားသည်။

(အောက်ပုံ) (ပြည်နယ် ပြန်/ဆက်)

ဇူလိုင် ၅ရက်က သံဖြူဇရပ် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မ အမှတ်(၁) ဈေးအတွင်း မီးဘေးကြိုတင် ကာကွယ်ရေးအတွက် ဈေးသူ ဈေးသားများနှင့် ပူးပေါင်း၍ မီးသတ်ဆေးဘူးများ ဝယ်ယူဖြည့်တင်း တပ်ဆင်မှုကို အမှုဆောင်အရာရှိ ကြီးကြပ် ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

သတိပေးနှိုးဆော်ချက်

ရန်ကုန်မြို့အတွင်း သွားလာလျက်ရှိသည့် အချို့မော်တော်ယာဉ်များသည် ယာယီနံပါတ် အမျိုးမျိုးအား တပ်ဆင်သွားလာလျက်ရှိကြောင်းတွေ့ရှိရပါသည်။ ထိုသို့ သွားလာလျက်ရှိရာတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သတ်မှတ်ပေးထားသည့် စက်မှုဇုန်ထုတ် ယာယီနံပါတ် ခွင့်ပြုကာလ နှစ်လ၊ လေလံနံပါတ် ခွင့်ပြုကာလ သုံးလကိုသာ တပ်ဆင်၍ စည်းကမ်းသတ်မှတ်ချက်နှင့်အညီ သွားလာကြရန်နှင့် သတ်မှတ် ထုတ်ပေးထားခြင်း မရှိသော ယာယီနံပါတ်များ တပ်ဆင်မောင်းနှင်နေခြင်းအား စစ်ဆေးတွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်း ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ

မြန်မာ့အလင်း စာတည်းထံပေးစာများ

သစ်စက်များမှ ဆူညံသံ နားမခံနိုင်

စာတည်းရှင့်-

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် သံလျက်မော်အနောက် အကွက်(၃၈၄) အရာတော်ရပ်အတွင်းရှိ လူနေအိမ်တစ်အိမ်တွင် ဖွင့်လှစ်ထားသော သစ်စက်နှစ်စက်မှ အင်ဂျင်စက် ဆူညံသံများ၊ သစ်အမှုန်များကြောင့် ပတ်ဝန်းကျင်နေအိမ်များ ကျန်းမာရေး ထိခိုက်ပြီး စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ သင့်လျော်ရာသို့ ပြောင်းရွှေ့ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သူတစ်ဦး**

သုဓမ္မာလမ်းသို့ ယာဉ်များတိုးချဲ့ ပြေးဆွဲစေချင်

စာတည်းခင်ဗျား-

မြောက်ဥက္ကလာပဘက်သို့ တာမွေ ဗညားဒလလမ်းမကြီးမှ ဖြတ်သွားသော လိုင်းကားအမှတ် (၂၂၂) (၁၅၇) (၁၀၃) (၈၂) (၇၄) (၇၂) (၄၃)လိုင်း ခုနစ်လိုင်းသည် မြောက်ဥက္ကလာပ ခေမာသီလမ်းဘက်မှသာ အများဆုံး ပြေးဆွဲနေရာ သုဓမ္မာလမ်းမကြီးတွင် နေထိုင်သူများ အနေဖြင့် အလုပ်သွား၊ အလုပ်ပြန် အခက်တွေ့ရပါသည်။ သို့ပါ၍ သုဓမ္မာလမ်းဘက်သို့ ၄င်းယာဉ်များ တိုးချဲ့ပြေးဆွဲပေးပါရန် တင်ပြအပ်ပါသည်။ **ခရီးသည်တစ်ဦး**

လူနေအိမ်များအနီးအရက်ဆိုင် ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ပဲခူးတိုင်း သာယာဝတီခရိုင် သုံးဆယ်မြို့အရှေ့ စည်ပင်ကျေးရွာအုပ်စု စည်ပင်ကျေးရွာ ရွာဦးထိပ် လူနေအိမ်များအနီး လယ်မြေကွက်အလယ်တွင် ကျူးကျော်ဆိုင်ဆောက်၍ အရက်ဆိုင်ဖွင့်ပြီး ရောင်းချလျက်ရှိရာ အော်ဟစ်ဆူညံသံများ နေ့စဉ်ကြားနေရပါသဖြင့် ပတ်ဝန်းကျင်နေထိုင်သူများ နားမခံနိုင်ပါသောကြောင့် ၄င်းအရက်ဆိုင်များ ဖယ်ရှာပေးပါရန် တင်ပြအပ်ပါသည်။ **စည်ပင်ကျေးရွာသား**

ကျူးကျော်တဲများ ဖယ်ရှားပေးပါ

စာတည်းရှင့်-

ကော့မှူးမြို့နယ် ထန်းမနိုင်ကျေးရွာ အလယ်ချောင်းဘေး မျက်နှာစာတွင် ကျူးကျော်တဲများ ဆောက်လုပ်နေထိုင်လျက်ရှိရာ စည်းကမ်းမဲ့ အညစ်အကြေးစွန့်ခြင်း၊ ညအချိန်မတော် အော်ဟစ်ဆူညံခြင်းများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ စိတ်အနှောင့်အယှက်ဖြစ်ရပါ၍ ထိုကျူးကျော်တဲများကို ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ကော့မှူးသူ

စက်သုံးဆီ သိုလှောင်သူများကြောင့် မီးဘေးစိုးရိမ်ရ

စာတည်းခင်ဗျား-

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၄)ရပ်ကွက်၊ တော်ဝင်လမ်း၊ အမှတ်(၉) ခြံရှေ့ရှိ လမ်းတစ်လျှောက်တွင် နေအိမ်များဆောက်၍ စက်သုံးဆီများကို သိုလှောင်ရောင်းချလျက်ရှိရာ မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **မီးဘေးစိုးရိမ်သူ**

အမှိုက်များ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား-

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ အမှတ်(၈၉)ရပ်ကွက်၊ ကွမ်းအပ်သားမင်းသားလမ်းပေါ် ပင်းယလမ်းထိပ်တွင် ယခင် အမှိုက်ကန်နေရာဟောင်းနှင့် ဘေးချင်းကပ်လျက် အမှိုက်ကန်အသစ်တို့မှ အမှိုက်များကို ရေနုတ်မြောင်းများထဲသို့ နွေရာသီကတည်းက ဆွဲချထားခဲ့ပြီး ယခုအခါ ရေမြောင်းများ ပိတ်လျက်ရှိရာ ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်နိုင်ပါ၍ အမှိုက်များကို ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သူ၊ ရပ်ကွက်သားများ**

စားသောက်ဆိုင်မှညော်နံ့ ပတ်ဝန်းကျင်မခံနိုင်

စာတည်းခင်ဗျား-

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် သုခလမ်းနှင့် သိန်းနီလမ်းထောင့်ရှိ စားသောက်ဆိုင်မှ ဘဲကင်ညော်နံ့များကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေး ထိခိုက်နေရပါသဖြင့် အဆိုပါ ဘဲကင်ဆိုင်ကို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။ **သုခလမ်းသားများ**

မွေးမြူရေးခြံများသန့်ရှင်းရေး ကြပ်မတ်ပေးပါ

စာတည်းခင်ဗျား-

ဒီပဲယင်းမြို့ မြို့မရပ်ကွက်အတွင်း ငုံး၊ ကြက်မွေးမြူကြသူများသည် လူနေအိမ်များနှင့် နီးကပ်စွာမွေးမြူထားကြပြီး ကြက်သေ၊ ငုံးသေနှင့် အညစ်အကြေးများကိုလည်း စနစ်တကျစွန့်ပစ်ခြင်းမရှိသဖြင့် အနံ့အသက်များ ဆိုးရွားနေသောကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ၏ ကျန်းမာရေးကို ထိခိုက်ရပါသည်။ သို့ပါ၍ သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **အနံ့ဆိုးမခံနိုင်သူ**

ကတ္တရာလမ်းအထိ ကုန်များတင်၍ ရောင်းချနေမှု ရှင်းလင်းဆောင်ရွက်ပြီး

၁၄-၆-၂၀၁၀ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **ကတ္တရာလမ်းအထိ ကုန်များတင်၍ ရောင်းချနေပါ၍** စာတည်းထံပေးစာနှင့်စပ်လျဉ်း၍ တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

ရေခဲစက်နှင့် မီးစက်ဆူညံမှု ရှင်းလင်းဆောင်ရွက်ပြီး

၅-၇-၂၀၁၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ **တိုက်ကြီးမြို့နယ် ရှမ်းစုရပ်ကွက် ရှမ်းဘက်(၁)လမ်းအတွင်းရှိ အိမ်တစ်အိမ်မှ ရေခဲစက်နှင့်မီးစက်တွဲဖက်၍ နေ့ရောညပါဆူညံစွာ လုပ်ငန်းလုပ်ကိုင်နေမှုပေးစာနှင့်** ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ **မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍နိုင်ငံသားစိစစ်ရေးကတ်မိတ္တူပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက် အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁) ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။

မိုးစပါးစိုက် တောင်သူများအား စိုက်ပျိုးစရိတ်ပေးအပ်

နေပြည်တော် ဇူလိုင် ၂၀

ခေတ္တရာဟသာ ဆန်စပါးအထူးပြုကုမ္ပဏီက မိုးစပါးစိုက် တောင်သူများအား စိုက်ပျိုးစရိတ်နှင့် သွင်းအားစုပစ္စည်းများ ပေးအပ်ပွဲကို ဇူလိုင် ၁၇ရက် နံနက်ပိုင်းက ပဲခူးတိုင်း ပြည်မြို့ ခေတ္တရာခန်းမ၌ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်တို့ တက်ရောက် အမှာစကားပြောကြားကြပြီး ခေတ္တရာဟသာ ဆန်စပါးအထူးပြု ကုမ္ပဏီလီမိတက်က ကျေးရွာ၇၃ရွာမှ တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ် ထုတ်ပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

အလားတူ ရွှေဝါဟသာ ဆန်စပါးအထူးပြု ကုမ္ပဏီလီမိတက်က မိုးစပါးစိုက်တောင်သူများအား စိုက်ပျိုးစရိတ်နှင့်သွင်းအားစု ပစ္စည်းများ ပေးအပ်ပွဲကို မွန်းလွဲ ၁နာရီက ကြို့ပင်ကောက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ကျင်းပရာ ဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်တို့ တက်ရောက်၍ ကုမ္ပဏီနှင့်တောင်သူတို့ ပူးပေါင်း၍ စပါးမျိုးသန့် စိုက်ပျိုးထုတ်လုပ်သည့် စိုက်ခင်းကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရောဝတီတိုင်းအတွင်းရှိ ကျေးရွာများ၌ အခြေခံပညာ ကျောင်းဆောင်သစ်များဖွင့်

ရန်ကုန် ဇူလိုင် ၂၀

ရောဝတီတိုင်းအတွင်း၌ i Love Myanmar အဖွဲ့က ဆောက်လုပ်လှူဒါန်းသည့် အခြေခံပညာ တွဲဖက်အလယ်တန်းကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်များ ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်၁၂ရက်နှင့် ၁၄ ရက်တို့တွင် အဆိုပါကျောင်းများ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

ဘိုကလေးမြို့နယ် ဒေါင့်ကြီးကျေးရွာအုပ်စု သဲချောင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်၁၂ရက် နံနက် ၉နာရီက အဆိုပါ ကျောင်းဆောင်သစ် ရှေ့၌ ကျင်းပရာ အလှူရှင် i Love Myanmar အဖွဲ့ ဥက္ကဋ္ဌ ဒေါ်လီဗီဆပ်နိုင်ထန်းက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ဖွင့်လှစ်ပေး

ထို့နောက် အလှူရှင် Emmanuel Foundation မှ ဦးဒယ်နီယယ်လလင်းနှင့်ဇနီး i Love Myanmar အဖွဲ့ ဥက္ကဋ္ဌ ဒေါ်လီဗီဆပ်နိုင်ထန်းနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လပွတ္တာမြို့နယ် ဆားချက်ကျေးရွာအုပ်စု ပိတောက်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇူလိုင်၁၄ရက် နံနက် ၁၀နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ လပွတ္တာခရိုင်ဥက္ကဋ္ဌ ဦးအေးမောင်ကြည်၊ အလှူရှင် Emmanuel Foundation မှ ဦးဒယ်နီယယ်လလင်းနှင့် ဇနီး i Love Myanmar အဖွဲ့ ဥက္ကဋ္ဌ ဒေါ်လီဗီဆပ်နိုင်ထန်းနှင့် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမိုးလွင်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

အမှာစကားပြော

ဆက်လက်၍ ဆားချက်ကျေးရွာအုပ်စု ဆားချက်ကျေးရွာ အခြေခံပညာ တွဲဖက်အလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို နံနက် ၁၁နာရီက ယင်းကျောင်းခန်းမ၌ ကျင်းပရာ လပွတ္တာခရိုင် ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အလှူရှင် i Love Myanmar အဖွဲ့ ဥက္ကဋ္ဌက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် လက်ထောက် မြို့နယ်ပညာရေးမှူးက ဂုဏ်ပြုမှတ်တမ်းလွှာကို i Love Myanmar အဖွဲ့ဥက္ကဋ္ဌထံ ပေးအပ်သည်။

ထို့နောက် လပွတ္တာခရိုင် ဥက္ကဋ္ဌ၊ အလှူရှင် မိသားစုနှင့် လက်ထောက်မြို့နယ်ပညာရေးမှူးတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

(သတင်းစဉ်)

မြို့နယ် သတင်း ထွေထွေ

အသားထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး တောင်ကြီး၌ ညှိနှိုင်းဆွေးနွေး

တောင်ကြီး ဇူလိုင် ၁၉

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးသည် ဇွန် ၂၁ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့သို့ ရောက်ရှိပြီး အသားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှမ်းပြည်နယ်(တောင်ပိုင်း)မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော တောင်လေးလုံးကျေးရွာရှိ ဦးသူရစောသိန်း(ခ) ဦးတူးငယ်၏ ဖရီးရှန်နို့စားနွားခြံသို့လည်းကောင်း၊ ရှမ်းရိုးမ မွေးမြူရေးဇုန်တွင် မွေးမြူရေးဇုန်အတွင်း မွေးမြူထားသော ဥစားကြက်များနှင့် ဖရီးရှန်နို့စားနွားများ မွေးမြူထားရှိမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (အပေါ်ပုံ)

ရှင်းလင်းဆွေးနွေး

ထို့နောက် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးသည် ပြည်နယ်ရုံးအစည်းအဝေးခန်းမ၌ ဥစားကြက် မွေးမြူရေးလုပ်ငန်းရှင်များအား မွေးမြူရေးလုပ်ငန်း၏ ဇီဝလုံခြုံမှု မြှင့်တင်ရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

(ပြည်နယ် ပြန်/ဆက်)

စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ပဲခူး ဇူလိုင် ၁၈

ပဲခူးမြို့ ဥသာမြို့သစ် ရပ်ကွက်ကြီး (၄) ရာဇဓိရာဇ်လမ်း ကဝမဟာစည်သာသနာ့ရိပ်သာ၌ ဒုတိယအကြိမ် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၂၆ရက် (၁၃၇၂ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၅၂-၃၀၉၅၁ နှင့် ၀၉-၅၀၆၆၂၉၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မော်လမြိုင်ကျွန်းမြို့နယ်၌ ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်

မော်လမြိုင်ကျွန်း ဇူလိုင် ၁၈

မော်လမြိုင်ကျွန်းမြို့နယ် မိဿလင်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ဆောက်လုပ်ပြီးစီးသွားသော ပေ ၈၀ × ပေ ၃၀ × ၁၂ပေရှိ ကျောင်းဆောင်သစ်လေးခန်းတွဲ၊ ရေလောင်းအိမ်သာ၊ ရေတုံကင်၊ ကျောင်းသုံးပရိဘောဂများနှင့် အားကစားပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲနှင့်ဖွင့်ပွဲကို ဇူလိုင် ၅ရက် နံနက် ၁၀နာရီက မိဿလင်ကုန်းကျေးရွာ အထက်တန်းကျောင်း(ခွဲ)ရှေ့ မျက်နှာစာ၌ကျင်းပရာ ဖွင့်ပွဲတွင် ဘီအေရှေ လက်ထောက်အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာယူကီအော့ဆု၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမျိုးဝင်းဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

(၁၄၂)

ဒိုက်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ခြင်ဆေးဖျန်းခြင်းဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၀ရက်က ဒိုက်ဦးမြို့နယ် အိမ်ခြေလေးဆယ်ကျေးရွာ မူလတန်းကျောင်း၌ ခြင်ဆေးဖျန်းခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးအောင်ခိုင်နှင့်အဖွဲ့က ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက် အဆောက်အအုံသစ် မြင်းခြံ၌ ဆောက်လုပ်ရန် ပန္နက်တင်

မြင်းခြံ ဇူလိုင် ၁၉

မန္တလေးတိုင်း မြင်းခြံခရိုင် မြင်းခြံမြို့နယ် ပျော်ဘွယ်စံပြကျေးရွာ ရွှေရည်ဦး စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဇူလိုင် ၈ရက် နံနက်၉နာရီခွဲက စာကြည့်တိုက် အဆောက်အအုံဆောက်လုပ်မည့်မြေနေရာ၌ကျင်းပရာ အဆိုပါအခမ်းအနားတွင် မြင်းခြံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသန်းနိုင်နှင့်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြဝင်းကြည်တို့က ပန္နက်တင်ပေးကြသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်းနှင့် ဝန်ထမ်းများ၊ ပျော်ဘွယ်စံပြကျေးရွာအုပ်စု ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲမောင်နှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

(ခရိုင် ပြန်/ဆက်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပြည်နယ်အဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲဝင်များအား ဆုချီးမြှင့်ပွဲကို ဇွန် ၂၆ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဇော်လင်းထွန်းက အလယ်တန်းအဆင့် ကာတွန်းပြိုင်ပွဲတွင် ဒုတိယဆုနှင့် ပိုစတာပြိုင်ပွဲတွင် ပထမဆုရ မော်လမြိုင်မြို့ အထက(၆) ပဉ္စမတန်းမှ ကျောင်းသားမောင်ဥက္ကာကျော်အား ဆုချီးမြှင့်စဉ်။ (၀၁၄)

ရခိုင်ပြည်နယ် မောင်တောမြို့နယ်စပ်ကုန်သည်များအသင်း ဒေဝါနဒီခန်းမ၌ ဇွန် ၁၄ရက်က ယခုနှစ်ရေထွက်ပစ္စည်း ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၇ဒသမ ၅ သန်း ရရှိရေးအတွက် တာဝန်ပေးအပ်ခြင်းနှင့် ယခင်နှစ် လျာထားသတ်မှတ်ပေးချက်ထက် ကျော်လွန်သော ကုမ္ပဏီများအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်း အခမ်းအနားတွင် ရခိုင်ပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာနမှူး ဦးမျိုးအောင်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်စဉ်။

(ပြည်နယ် ပြန်/ဆက်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

နေပြည်တော် ဇူလိုင် ၂၀

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့် အညီ ယင်းတို့ စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ၂၀၁၀ခုနှစ် ဇူလိုင် ၁၆ ရက်တွင် မြန်မာနိုင်ငံ ရခိုင်ပြည်နယ် အမျိုးသားအင်အားစုပါတီကလည်းကောင်း၊ ၂၀၁၀ခုနှစ် ဇူလိုင် ၂၀ ရက်တွင် လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီကလည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပင်လယ်မြို့ဟောင်းတူးဖော်မှု ကုန်းအမှတ်(၂၀)မှ တွေ့ရှိခဲ့သော အဆောက်အအုံနှင့် အဆင်တန်ဆာပါသည့် မြေမီးဖုတ်အုတ်ချပ်ရုပ်ကြွများကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ဆန်းသစ်တီထွင် ကမ္ဘာတစ်ခွင်

အာကာဟိန်း - ရေးသားသည်

တစ်နာရီ မိုင် ၁၀၀၀ နှုန်း မောင်းနှင်နိုင်သည့်ကား

ဗြိတိသျှသုတေသန ပညာရှင်များက တစ်နာရီ မိုင် ၁၀၀၀ နှုန်း မောင်းနှင်နိုင်သည့် ကမ္ဘာ့အမြန်ဆုံး မော်တော်ကားသစ်တစ်စီးကို တီထွင်ထုတ်လုပ်လိုက်ပြီဖြစ်သည်။

အဆိုပါ မော်တော်ကားကို စူပါဆိုးနစ် (အက်စ်အက်စ်စီ)ဟု အမည်ပေးထားပြီး အရွယ်အစားမှာ ကိုယ်ထည်အရှည် ၄၂ပေရှိသည်။ ယင်းမော်တော်ကားကို သုံးနှစ်ကြာ သုတေသနပြုလုပ်ပြီးမှ ထုတ်လုပ်ထားခြင်းဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ●

ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံ ပင်လယ်မြို့ဟောင်းမှ တူးဖော်တွေ့ရှိ

နေပြည်တော် ဇူလိုင် ၂၀

ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန (နေပြည်တော်)မှ ညွှန်ကြားရေးမှူး ဦးမျိုးညွန့်ခေါင်းဆောင်သော ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာနနှင့် သမိုင်းသုတေသနဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများပါဝင်သောအဖွဲ့သည် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် မိုင်းမော်ကျေးရွာရှိ ပင်လယ်မြို့ဟောင်း တူးဖော်သုတေသနလုပ်ငန်းများကို ဇွန် ၆ရက်မှ ဇူလိုင် ၁၂ရက်အထိ ဆောင်ရွက်ခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၅ ■